ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့၊ (14-2-2006) (၄၈၇၁)

ရန်ကုန်–ကျောက်ဖြူ လမ်းမကြီးပေါ်တွင် တံတားကြီး ၁၀ စင်း ရှိသည့်အနက် မအီတံတား၊ ကျောက်ကြီးပေါက်တံတား၊ စနဲပေါက်တံတား၊ ဒီးဒုတ်ပေါက်တံတား၊ လုံးတော်ပေါက်တံတား၊ သံသမကြီးတံတား၊ သံသမချေတံတား စသည့် တံတားကြီး ခုနစ်စင်းကို အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီး သဇင်တန်ပေါက်တံတားသည် အငှမမြောက် ဖွင့်လှစ်နိုင်သည့် တံတားကြီးဖြစ်။

နယ်ချဲ့လက်သစ်တို့၏ ရန်ကို တွန်းလှန်ကာကွယ်ကြရမည်

တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှု စွမ်းပကားကြောင့် နှစ်ပေါင်းတစ်ရာကျော် မိမိတို့နိုင်ငံနှင့် လူမျိုးအပေါ် ခြယ်လှယ်သွေးစုပ်ခဲ့သော ကိုလိုနီနယ်ချဲ့တို့သည် လွတ်လပ်ရေးကို မပေးလိုသော်လည်း နောက်ဆုံးတွင် လွတ်လပ်ရေးကို ပေးခဲ့ရပါသည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို လက်မလွှတ်လိုဘဲ လက်လွှတ်လိုက်ရသောကြောင့် သူတို့အပေါ် အရှည်သဖြင့် မှီခိုအားထားနေစေရန်၊ သူတို့ဩဇာညောင်းစေရန် ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့ တိုင်းရင်းသား ညီနောင်သားချင်းများအကြားတွင် အမျိုးမျိုးအဖုံဖုံ သွေးခွဲမှုများကို ပြုလုပ်ခဲ့ပါသည်။ ယနေ့ထက်တိုင်လည်း နယ်ချဲ့လက်သစ်များနှင့် လက်ဝေခံများသည် ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပြိုကွဲစေရန် နည်းပရိယာယ်မျိုးစုံဖြင့် ကျွန်ုပ်တို့၏ ပြည်တွင်းရေးကို စွက်ဖက်ခြယ်လှယ်ရန် ကြိုးစားနေဆဲပင် ဖြစ်ပါသည်။ ဤအခြေအနေကို ကျွန်ုပ်တို့ တိုင်းရင်းသား ညီနောင်သားချင်းများက မျှော်ခေါ်သိမြင်ကာ နယ်ချဲ့လက်သစ်တို့၏ရန်ကို တွန်းလှန်ကာကွယ်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၄၇)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

ရန်ကုန်–ကျောက်ဖြူ ကားလမ်းမကြီးပေါ်တွင် အငှမမြောက်တံတားအဖြစ် သဇင်တန်ပေါက်တံတား ဖွင့်လှစ် ရခိုင်ပြည်နယ်တွင် အရှည်ဆုံးတံတားဖြစ်သော မင်းကြောင်းချောင်းတံတားကြီးမှာ ဖွင့်လှစ်ရန် အသင့်ရှိနေ ကျောက်ဖြူ ရမ်းဗြဲဒေသသည် အံ့မခန်းဖွံ့ဖြိုးတိုးတက်လာမည့် ဒေသကြီးတစ်ခုအဖြစ် တွေ့မြင်ရတော့မည်

ရန်ကုန်　　ဖေဖော်ဝါရီ　　၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သဇင်တန်ပေါက်တံတား ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့က ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရန်ကုန်–တောင်ကုတ်–မအီ–ကျောက်ဖြူလမ်း (မအီ–ကျောက်ဖြူအပိုင်း)ရှိ သဇင်တန်ပေါက်ချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးပြီဖြစ်သော သဇင်တန်ပေါက်တံတား ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားဖွင့်ပွဲ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ရမ်းဗြဲတပ်နယ်မှ ဗိုလ်မှူးချုပ်မော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ရခိုင်ရိုးရာယဉ်ကျေးမှု အကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော် အကအဖွဲ့ဝင်များ၊ ကဗျာလွတ်အကအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ▲

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် သဇင်တန်ပေါက်တံတား ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (အပေါ်ပုံ)
(ဆောက်လုပ်ရေး)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၄-၂-၂၀၀၆
(အင်္ဂါနေ့)

ကင်ဆာရောဂါကို ကြိုတင်ကာကွယ်နိုင်
ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ တက်ကြွစွာပါဝင်

နိုင်ငံတော်အစိုးရသည် ပြည်သူအားလုံး၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ ကျန်းမာရေးအဆင့်မြှင့်တင်မှု လုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် စနစ်တကျစီမံဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ၏ ကျန်းမာရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါရှာဖွေကုသရေးနှင့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများကို အချိတ်အဆက်မိမိ အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က နယ်စပ်အစွန်အဖျား ဒေသများပါမကျန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့မြှင့်တင်ပေးခြင်း အပါအဝင် အထူးကုဆေးရုံကြီးများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် ရောဂါကုသပေးခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းတို့ဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ကင်ဆာ ရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီလ ၄ ရက်နေ့က ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)ခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် ကင်ဆာရောဂါအထူးကုဆရာဝန်ကြီးနှင့် ပါမောက္ခများက ကင်ဆာရောဂါဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ကြသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၂၀၀၀ ပြည့်နှစ်က ပထမအကြိမ်ကျင်းပခဲ့သည့် ကမ္ဘာ့ထိပ်သီးကင်ဆာရောဂါ တိုက်ဖျက်ရေး ညီလာခံအား အကြောင်းပြုပြီး နှစ်စဉ် ဖေဖော်ဝါရီလ ၄ ရက်နေ့ကို ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်၍ အခမ်းအနားများကျင်းပကာ ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးမှုများ ပြုလုပ်လျက်ရှိသည်။

ကင်ဆာရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ပြည်သူများ၏ ကျန်းမာရေးအတွက် ပြဿနာတစ်ရပ်ဖြစ်လျက်ရှိသည်။ ဆင်းရဲချမ်းသာမရွေး၊ အသက်ကြီးငယ်မရွေး၊ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များပါမကျန် ဖြစ်ပွားနိုင်သော ရောဂါဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် လူပေါင်း ၁၀ သန်းကျော် ကင်ဆာရောဂါခံစားနေကြရပြီး ၂၀၂၀ ပြည့်နှစ်တွင် နှစ်စဉ်လူပေါင်း ၁၅ သန်းခန့် ရောဂါခံစားကြရမည်ဟု ပညာရှင်များက ခန့်မှန်းထားကြသည်။

ကမ္ဘာတစ်ဝန်းတွင် ကင်ဆာရောဂါ အပါအဝင် အခြားသောနာတာရှည်ရောဂါများ ပိုမိုဖြစ်ပွားရခြင်းမှာ လူအများစု၏ နေထိုင်စားသောက်မှု ပုံစံစနစ်များကြောင့်ဖြစ်ကြောင်း သိရသည်။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း၊ အဝလွန်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ကွမ်းငုံခြင်း၊ အရက်သောက်ခြင်း စသည့် အချက်များသည် ရောဂါဘယများ ပိုမိုဖြစ်ပွားခြင်း၏ အကြောင်းရင်းခံအချက်များဖြစ်သည်။

ကင်ဆာရောဂါကို ကြိုတင်ကာကွယ်နိုင်သကဲ့သို့ ပျောက်ကင်းစေရန်လည်း ကုသပေးနိုင်သည်။ ကင်ဆာရောဂါကို တွန်းလှန်တိုက်ဖျက်ရာတွင် ရောဂါကြိုတင်ကာကွယ်ခြင်းနှင့် အချိန်စော၍ သိရှိစေရန်ဆောင်ရွက်ခြင်းတို့သည် အထိရောက်ဆုံး လက်နက်များဖြစ်သည်။ ထို့ကြောင့် ကင်ဆာရောဂါနှင့်ပတ်သက်သည့် ပညာပေးခြင်း၊ ကျန်းမာရေးအသိစိတ်များ မြှင့်တင်ပေးခြင်းလုပ်ငန်းများကို ပြည်သူအများသိရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် နိုင်ငံတော်က အလေးထား ဖော်ဆောင်ဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ ပြည်သူများအပိုင်းကလည်း ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၌ တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်ထောင်စုနေ့ အဝိဇ္ဇာန်

"တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲပါက လွတ်လပ်ရေးဆုံးရှုံးမည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့"

ပြည်ထောင်စုတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အကများနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတ ပဒေသာကပွဲ ကပြသီဆိုဖျော်ဖြေ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့ ပူးပေါင်းစီစဉ်သည့် ပြည်ထောင်စု တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ပဒေသာကပွဲကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ညစာစားပွဲနှင့် ဖျော်ဖြေရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် ပွဲကြည့်ပရိသတ်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များက တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကများဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ဂီတမှူးအကယ်ဒမီ ဂီတလုလင် ဦးကိုကို စီစဉ်တင်ဆက်သည့် တေးဂီတ အစီအစဉ်တွင် ကေဂျာနူး၊ ပန်းအိဖြူ၊ မြင့်မြင့်ခင်၊ ခင်မျိုးအေး၊ စိမ်းလဲ့လဲ့၊ ခင်ညွန့်ရည်၊ ထား၊ ချိုပြုံး၊ မီမီဝင်းဖေ၊ ကေတုဝင်းထွဋ်၊ တင်ဦးလေး၊ တက္ကသိုလ်ကိုကိုဇော်နှင့် မောင်မောင်အေး (အလင်္ကာဝတ်ရည်) စသည့် နာမည်ကျော် အနုပညာရှင်တို့က တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် မြန်မာနိုင်ငံ သဘင်အစည်းအရုံးက နှစ်ပါးသွားအကဖြင့် လည်းကောင်း၊ ယဉ်ကျေးမှု တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက **"ပြည်ထောင်စုအလှမြန်မာ့ဂုဏ်ရည်"** တေးသရုပ်ဖော်ဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက **"စည်းလုံးညီညာအောင် ကြောင်းဖြာ"** အကဖြင့် လည်းကောင်း ကပြသီဆို ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဂီတစာဆို ပြဇာတ်ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်၏ **"သိကြားမင်းယောက္ခမ ပျော်သွားပြီ"** တစ်ခန်းရပ် ဟာသပြဇာတ်တွင် အကယ်ဒမီမင်းမော်ကွန်း၊ နဝရတ်၊ နွဲ့နွဲ့စန်း၊ မိုးဒီ၊ အရိုင်း၊ စိန်ရိုး၊ ကောင်းစံနှင့် ဟာသသရုပ်ဆောင်များ ပါဝင် ကပြတင်ဆက် ဖျော်ဖြေကြသည်။

အဆိုပါ ပဒေသာကပွဲကို ဖေဖော်ဝါရီ ၁၄ရက် ည ၇နာရီတွင် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်တင်ဆက်ကပြ ဖျော်ဖြေသွားမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကများနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတပဒေသာကပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကများဖြင့် ကပြဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

ဖတ်ကြား

လှိုင်မြို့နယ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေစန်း ဖတ်ကြားစဉ်။ (က-ပ)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က အင်းစိန်မြို့နယ် အထက(၁) အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းလွင် ဖတ်ကြားစဉ်။ (ဖြ၁)

14-2)02.P65 1 14/02/2006, 1:52 AM

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ မှတ်တမ်းစာအုပ်နှင့် ဒိုင်ယာရီစာအုပ်များ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ Myanmar CD-Rom WWW Co. Ltd., မှ တပ်မတော် အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်း D Program LCD ရောင်စုံကားချပ်စာအုပ်နှင့် မြန်မာနိုင်ငံ စီးပွားရေးဒိုင်ယာရီစာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ ဗဟိုအလုပ် အမှုဆောင်များဖြစ်ကြသော ဦးသိန်းစိန်နှင့် သူရဦးမြင့်မောင်၊ ဌာနချုပ်မှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဆက်လက်၍ Myanmar CD-Rom WWW Co. Ltd., ဥက္ကဋ္ဌ ဦးမောင်မောင်အေးက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုမ္ပဏီဥက္ကဋ္ဌ ဦးမောင်မောင်အေးက တပ်မတော် အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှုမှတ်တမ်း D Program LCD ရောင်စုံကားချပ်စာအုပ်နှင့် မြန်မာနိုင်ငံ စီးပွားရေးဒိုင်ယာရီ စာအုပ်များကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)



Myanmar C D. ROM. WWW Co., Ltd ဥက္ကဋ္ဌ ဦးမောင်မောင်အေးက တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း D Program LCD ရောင်စုံကားချပ်စာအုပ်နှင့် မြန်မာနိုင်ငံစီးပွားရေး ဒိုင်ယာရီစာအုပ်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြပွဲကို ကျောင်းသား၊ ကျောင်းသူများလာရောက် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ဆဋ္ဌမနေ့ဆက်လက်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ခင်းကျင်းပြသရေး ဆပ်ကော်မတီက ကြီးမှူး၍ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ယနေ့ နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသရာ ရဟန်းရှင်လူပြည်သူများ၊ ဆရာ၊ ဆရာမျာ းနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှု လေ့လာကြသည်။

ပြပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြခန်း၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် တိုးချဲ့ဖွဲ့စည်းသည့် မြို့များတွင် ဖွင့်လှစ်ထားရှိသော စာတိုက်၊ ကြေးနန်းနှင့်တယ်လီဖုန်းလုပ်ငန်းများ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ GSM, CDMA တယ်လီဖုန်းစနစ် ရေဒီယိုနယ်မြေပြမြေပုံများ၊ ရုံးချုပ်အခြေစိုက်အဝေးဆက်သွယ်ရေးစခန်း မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများပြ မြေပုံ၊ ကျေးလက်ဒေသဆက်သွယ်ရေး ဖွံ့ဖြိုးမှု စီမံကိန်း၊ အသုံးပြုကွန်ပျူတာကွန်ရက်ပုံသဏ္ဌာန်၊ အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းစနစ် တည်ဆောက်ထားရှိမှု အခြေအနေ၊ သတင်းအချက်အလက် နည်းပညာဌာန၏ ဝန်ဆောင်မှုများ၊ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းဆောင်ရွက်သည့်မြို့များ၊ ဖွင့်လှစ်ခဲ့ပြီးသော စာတိုက်စခန်းများနှင့် ကြေးနန်းရုံးများကို ရုပ်ပုံကားချပ်၊ ဓာတ်ပုံ၊ မြေပုံများဖြင့် စနစ်တကျ ခင်းကျင်းပြသထားသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ "ခိုင်မြဲလက်တွဲ ဒို့မကွဲအမြဲစည်းလုံးညီ" ပြခန်း၌ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ၊ ဖွံ့ဖြိုးသာယာ ပြည်မြန်မာနှင့် နိုင်ငံတော် အကြီးအကဲ၏ ပြည်တွင်း၊ ပြည်ပခရီးစဉ် မှတ်တမ်းဓာတ်ပုံများ၊ လက်တွဲဝန်းရံအမျိုးသားညီလာခံ၊ စည်းလုံးချစ်ကြည်ရွှေပြည်သစ်ဆီသို့ စသည်တို့ကို ရုပ်ပုံ ကားချပ်၊ မှတ်တမ်းဓာတ်ပုံ၊ ကာတွန်းများဖြင့် ဝေဝေဆာဆာ စနစ်တကျ ခင်းကျင်းပြသထားသည်။

ထို့အပြင် ကျောင်းသား၊ ကျောင်းသူများအတွက် ကွန်ပျူတာဉာဏ်စမ်း ပဟေဠိပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် Soft Guide Computer Co., Ltd. ၏ အစီအစဉ်ဖြင့် ကျောင်းသား၊ကျောင်းသူများ အင်္ဂလိပ်ဘာသာ အမေးအဖြေ လေ့ကျင့်ဖြေဆိုယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသထား မည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။

(သတင်းစဉ်)

တန့်ကြည့်တောင်ရိပ်သာ သိမ်ဆင်းလောင်းလှူပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော် ကြီးမှူးပြုလုပ်သော တတိယအကြိမ် ပရိဝါသ်ဓမ္မသဘင်ကို ဆောင်ရွက်ခဲ့ကြသည့် သံဃာတော် အပါး ၃၀တို့အား သိမ်ဆင်းလောင်းလှူပွဲကို ထေရဝါဒ ဗုဒ္ဓသာသနာပြုဌာန တန့်ကြည့်တောင် ဝိပဿနာရိပ်သာ (ရန်ကုန်)၌ ဖေဖော်ဝါရီ ၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ ဓမ္မမိတ်ဆွေအပေါင်း ကြွရောက်လှူဒါန်းနိုင်ကြောင်း ကပ္ပိယကာရကအဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

နှစ်(၆၀)ပြည့် မြန်မာ့အသံမဂ္ဂဇင်း ဖြန့်ချိမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၁၉၄၆ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်က "ဗမာ့အသံ" အမည်ဖြင့် အသံလွှင့်ခဲ့သော ဗမာ့အသံ(ယနေ့မြန်မာ့အသံ) သည် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် သက်တမ်းနှစ်(၆၀) စိန်ရတုကာလသို့ ရောက်ရှိလာပြီဖြစ်သည်။

ဤနှစ်(၆၀)ပြည့် မြန်မာ့အသံကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် အတိုင်ပင်ခံစာတည်း သူရဇော်၊ တာဝန်ခံစာတည်း မြန်မာ့အသံသိန်းဟန်နှင့် စာတည်းအဖွဲ့ဝင်များက စီစဉ်ကာ နာမည်ရစာရေးဆရာများ ပါဝင်ရေးသားထားသည့် စာမျက်နှာ ၄၀၀ခန့် ရှိသော ခံ့ခံ့ထည်ထည်မဂ္ဂဇင်းကြီး တစ်အုပ်သည် စာပေ ဈေးကွက်သို့ ယခုရက်ပိုင်းအတွင်း ဖြန့်ချိတော့မည်ဖြစ်သည်။

ဤမဂ္ဂဇင်းကြီးတွင် မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်၊ MRTV-3 နှင့် MRTV-4 တို့၏ မှတ်တမ်းမှတ်တိုင်များကို အကြောင်းအချက် အပြည့်အစုံ ရောင်စုံဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

နှစ်(၆၀)ပြည့် မြန်မာ့အသံမဂ္ဂဇင်းတွင် ရဟန်းစာဆိုတော် ချောင်းဦးမောင်စန္ဒာ၊ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၊ရဝေနွယ်(အင်းမ)တို့၏ မြန်မာ့အသံနှင့် ဆက်နွယ်သော ဘာသာရေးစာများ၊ မင်းရဲကောင်းပုံ၊ မောင်ဆုရှင်၊ ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်မောင်ကိုကို၊ ဦးအောင်နိုင် (ဝိဇ္ဇာဂုဏ်ထူး)၊ ဒုတိယဗိုလ်မှူးကြီး သန်းထွဋ်(ငြိမ်း)၊ သုခိအောင်၊ တက္ကသိုလ်စိန်တင်၊ မြန်မာ့အသံသိန်းဟန်၊ မောင်မောင်အေး(နယူးလိုက်အော့ဖ်မြန်မာ)၊စန္ဒရားတင်ဝင်းလှိုင်၊ မောင်စိုးထိုက်(သုံးဆယ်)၊ သူရဇော်၊ ညွန့်ဟံ(ကြူတော)၊ဦးမြင့်(TV)၊ ချစ်ကြည်မောင်၊ ဖုန်းမြင့်အောင်၊ နိုင်ဝေ၊စောမုံညင်း၊ခင်စောတင့်၊ ဒေါ်ခင်ခင်ကြည်(မြန်မာ့အသံ)၊ မမြင့်မွန်(မြန်မာ့အသံ)၊ ဖြူစင်ဝင်း၊ ခင်ပြုံးရီ(မြန်မာ့အသံ)၊ ဆန်းဆန်းဦး၊ နှင်းဆီဝေ၊ အေးသင်းရီ (မြန်မာ့အသံ)စသည့် ဆောင်းပါးရှင် ၃၄ ဦးတို့၏ ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့ပြင် ကဗျာကဏ္ဍတွင် ကြည်အောင်(ကေတုမတီ)၊ရွှန်းမြအောင်၊ တက္ကသိုလ်မြတ်စိုး၊ နောင်၊ မြင်းမူမောင်နိုင်မိုး၊ မင်းရွှေမင်း(အင်းစိန်)၊ ဝင်းဝေနောင်၊ မောင်သင်းပျံ့(ကျိုက်ထော်)၊ နေနိုင်ထွန်း၊ အေးမျိုးကြည်၊ ကျော်ကျော်လွင်(မြန်မာစာ)၊ နုယဉ်၊ ခင်နန်းယုထွေး၊ဆည်းလည်းတို့၏ ကဗျာအလှစာ အလှများ၊ ဝတ္ထုတို ကဏ္ဍတွင် ဆင်ဖြူကျွန်းအောင်သိန်း၊ ရေနံမြေမောင်မောင်ကြည်၊ ချမ်းမြအောင်၊ သွင်လန်း၊ မစန္ဒာ၊ ဂျူး၊ ယုဝတီခင်စိန်လှိုင်၊ ဒေါက်တာလမင်း၊ ခင်(တိုင်းရင်းမေ)၊ ညိုညိုယဉ်(ဒိုက်ဦး)၊ သီတဂူဇေယျတို့၏ ဝတ္ထုတိုများကို အတွင်းပန်းချီပုံများဖြင့် ခြယ်မှုန်းဖော်ပြထားသည်။

တစ်ခန်းရပ်ပြဇာတ်အဖြစ် ကြူကြူသင်း၏ မင်္ဂလာပါသောတရင်၊ ဘာသာပြန်ဆောင်းပါးအဖြစ် ဌေးမောင်၏ ပိုးသားလိုနူ သံမဏိလိုမာကျောသူ၊ ကောလိယမောင်မောင်နိုင်၏ "လေလှိုင်းသံရှင်ကို ချစ်တဲ့သူ" ဝတ္ထုရှည်လေးရောင်ခြယ်ပုံ၊ ပန်းချီပုံများဖြင့် အလှဆင်ခြယ်မှုန်းထားသည်။

ကာတွန်းပညာရှင် ငွေကြည်၊ မြေဇာ၊ မောင်ဝဏ္ဏ၊ ရွှေမင်းသား၊ တင်အောင်နီ၊ သစ်ထွဏ်းတို့၏ ရယ်ရွှင်ဖွယ်ဟာသကာတွန်းလက်ရာများ၊ ၎င်းအပြင် တစ်ချိန်က သောတရှင် မဂ္ဂဇင်း၌ဖော်ပြခဲ့သော ဒဂုန်တာရာ၊ မောင်နေဝင်း၊ မင်းကျော်၊ မြန်မာ့အသံသော်ကစသူတို့၏ ကဗျာ၊ဆောင်းပါး၊ ဝတ္ထုတို များကိုလည်း ပြန်လည်ဆန်းသစ်ဖော်ပြထားသည်။

အင်္ဂလိပ်စာကဏ္ဍတွင် မင်းကျော်မင်း၊ ကိုလတ်(MRTV)၊ ထိန်အောင်လင်းတို့၏ ဆောင်းပါး လက်ရာများပါရှိသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက ပါဝင်ယှဉ်ပြိုင်ရေးသားကြပြီး ဆုရရှိကြသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ကာတွန်းလက်ရာ ၁၃ခုကိုလည်း ဖော်ပြထားသည်။ မဂ္ဂဇင်းတစ်အုပ်လုံးကို အတ်ပေပါ၊ ဂူဖရီးစက္ကူအကောင်းစားဖြင့် ရိုက်နှိပ်ထားပြီး မဂ္ဂဇင်းတစ်အုပ်လျှင် ကျပ် ၂၀၀၀နှုန်း သတ်မှတ်ထားသည်။

ဝယ်ယူမှာကြားရရှိနိုင်သော စာအုပ်တိုက်များမှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဟံသာဝတီ ဂိတ်စာအုပ်အရောင်းဆိုင် ဖုန်း-၀၁-၅၃၈၀၅၀၊၅၃၈၀၅၃၊ လိုင်းခွဲ-၁၄၄၊၄၀၁၊ ကုန်သည်လမ်း စာပေဗိမာန် စာအုပ်ဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းစာအုပ်အရောင်းဆိုင်၊ ကုန်သည်လမ်းနှင့် (၃၈)လမ်းထောင့် အမှတ်(၅၂၅) သာလွန်စာပေတိုက်၊ပန်းဆိုးတန်းလမ်း(အောက်လမ်း) အမှတ်(၈၆) အမေ့အိမ်စာပေတိုက်၊ ကျောက်တံတားမြို့နယ် (၃၃)လမ်း (အထက်လမ်း) အမှတ်(၁၉၂) ဂုဏ်ထူးစာအုပ်တိုက်၊ ပန်းဘဲတန်းမြို့နယ် (၃၂)လမ်း (အထက်လမ်း) အမှတ်(၁၈၁) မြဝတီစာပေတိုက်ခွဲ၊ ပန်းဘဲတန်းမြို့နယ် (၂၉)လမ်း (အထက်လမ်း) အမှတ်(၂၃၀)ရှိ ပါရမီစာပေတိုက်နှင့် မန္တလေးမြို့ ထွန်းဦးစာပေတိုက် ဖုန်း-၀၂-၃၉၈၀၁ တို့တွင် ကြိုတင်မှာကြားဝယ်ယူနိုင်သည်။

နှစ်(၆၀)ပြည့် မြန်မာ့အသံ(၁၉၄၆-၂၀၀၆)အထိမ်းအမှတ် နှုတ်ခွန်းဆက်သဝဏ်လွှာ ပို့စကတ်များကိုလည်း မြန်မာ့အသံတေးသံရှင်များ၊ တိုင်းရင်းသူ ဝန်ထမ်းများ၏ ရောင်စုံပုံများဖြင့် ထုတ်ဝေမည်ဖြစ်ရာ တစ်စောင်လျှင် ကျပ် ၁၀၀နှုန်းဖြင့် အထက်ပါစာပေတိုက်များတွင် ဝယ်ယူရရှိနိုင်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စက်မှုဇုန်များ ကုန်ထုတ်ပစ္စည်းပြခန်းများ ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းတွင်ကျင်းပရာ အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ပြခန်းအကောင်းဆုံးပထမဆုရ တောင်ဒဂုံစက်မှုဇုန်(၂) စီမံခန့်ခွဲရေးဥက္ကဋ္ဌ ဦးအောင်မြင့်အားဆုချီးမြှင့်စဉ်။

(က-ပ)

အာဖဂန်နစ္စတန်တွင် ဗုံးနှစ်လုံးပေါက်ကွဲ၊ တပ်ဖွဲ့ဝင်များသေဆုံး

အဆာဒါဘက်(အာဖဂန်နစ္စတန်) ဖေဖော်ဝါရီ ၁၂

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)က အာဖဂန်နစ္စတန်နိုင်ငံတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ တိုးချဲ့ဖြန့်ကြက်ရန် စီစဉ်စိုင်းပြင်းနေစဉ် သောကြာနေ့က လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အာဖဂန်တပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ပါကစ္စတန်နှင့် နယ်စပ်ချင်း ထိစပ်နေသည့် ကူနာပြည်နယ်တွင် ဗုံးပေါက်ကွဲသည့်ဖြစ်ရပ်နှစ်ခု ဖြစ်ပွားစဉ်အတွင်း တပ်ဖွဲ့ဝင် ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး အဆာဒူလာဝါဖာက ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်များသည် မော်တော်ယာဉ်တန်းဖြင့် ခရီးသွားလာစဉ် အာဖဂန်ပြောက်ကျားများ ထောင်ထားသည့် လမ်းဘေးဗုံးပေါက်ကွဲမှုနှင့် တွေ့ကြုံရကြောင်း ဝါဖာက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဗုံးဖောက်ခွဲမှုဖြစ်ရပ် တစ်ခုအတွင်း တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးပြီး အခြားဗုံး ဖောက်ခွဲမှုအတွင်း နှစ်ဦးသေဆုံးခဲ့သည်ဟု ၎င်းကပြောကြားသည်။

ယင်းဖောက်ခွဲမှုသည် မည်သည့်အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း အသေးစိတ် ပြောကြားခြင်းမရှိပေ။ သို့ရာတွင် တာလီဘန်နှင့် တိုက်ခိုက်ရေးသမားများက ယင်းပြည်နယ်တွင် ဖောက်ခွဲရေးလုပ်ငန်းများပြုလုပ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ကူနာဒေသမှ တွန်းလှန်တိုက်ခိုက်သူများကို ရှင်းလင်းရန် လွန်ခဲ့သည့်နှစ်အတွင်းက ထိုးစစ်ဆင်ခဲ့သည်။ ၎င်းတို့၏ ရဟတ်ယာဉ်ပစ်ချခံရ၍ အမေရိကန်တပ်ဖွဲ့ဝင် ၁၆ဦး ဇွန်လက သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကိုကင်း ၄၆၉ ကီလို အီကွေဒိုရ်၌ သိမ်းဆည်းရမိ

ကွီတို ဖေဖော်ဝါရီ ၁၂

အီကွေဒိုနိုင်ငံ ရဲတပ်ဖွဲ့သည် နိုင်ငံအတွင်းရှိ ပြည်နယ်လေးပြည်နယ်၌ မကြာသေးမီက ပြုလုပ်ခဲ့သော စစ်ဆင်ရေးတစ်ရပ်တွင် ကိုကင်း ၄၆၉ ကီလိုခန့်ကို သိမ်းဆည်းရမိလိုက်ပြီး လူ ၁၁ ဦးကိုလည်း ဖမ်းဆီးလိုက်သည်။

အထုပ်ပေါင်း ၄၃၁ ထုပ်ဖြင့် ထည့်ထားသည့် အဆိုပါ ကိုကင်းများမှာ နိုင်ငံတကာဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄ သန်းတန်ဖိုးရှိကြောင်း သိရသည်။

ထရပ်ကားတစ်စီးပေါ်တွင် ကိုကင်းအထုပ်များကို ငှက်ပျောသီးများအကြား၌ ဝှက်ပြီးယူလာကြောင်း၊ အက်စ်မီရာဒတ်စ်ပြည်နယ်သို့ ဦးတည်မောင်းနှင်နေစဉ် ရဲတပ်ဖွဲ့က ရပ်တန့်စစ်ဆေးခဲ့ကြောင်း အီကွေဒို မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့အကြီးအကဲ ရဲမှူးကြီး ဘိုလီဗာစစ်နီရောစ်၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းစာများတွင် သောကြာနေ့က ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်သိပ္ပံပညာရှင်များက ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ကြွက်၏ဦးခေါင်းပေါ်၌ ထိန်းချုပ်နိုင်သော စက်ကို တပ်ဆင်စမ်းသပ်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ပြင်းထန်သော နှင်းမုန်တိုင်းတိုက်ခတ်

ဘော်စတွန် ဖေဖော်ဝါရီ ၁၃

အမေရိကန်နိုင်ငံအရှေ့မြောက်ပိုင်းတွင် တနင်္ဂနွေနေ့က ပြင်းထန်သော နှင်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ လေယာဉ်ကွင်းများပိတ်ခဲ့ရပြီးယာဉ်အသွားအလာများရပ်ဆိုင်းသွားခဲ့ရသည်။

နယူးယောက်မြို့ ဗဟိုပန်းခြံတွင် ကျရောက်သောနှင်းထုမှာ ၂၂ ဒသမ ၈လက်မခန့်ရှိပြီး မှတ်တမ်းအရ ဒုတိယ အပြင်းထန်ဆုံး မုန်တိုင်းဖြစ်ကြောင်း သိရသည်။

အမျိုးသားမိုးလေဝသဌာန၏ခန့်မှန်းချက်အရ လေတိုက်နှုန်းသည် တစ်နာရီမိုင် ၅၀နှုန်းဖြင့် အရှေ့မြောက်ဒေသများသို့ တိုက်ခတ်သွားသည်ဟု သိရသည်။

- လျှပ်စစ်ပြတ်တောက် -

မြို့တော်ဝါရှင်တန်ဒေသတွင် အိမ်ခြေ ၇၀၀၀၀ ခန့်နှင့် ဘော်လတီမိုးဒေသတွင်လည်း အိမ်ခြေ ၇၀၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်သွားသည်။ အချို့ဒေသများတွင် ထိခိုက်ဆုံးရှုံးမှုများကို မသိရသေးဟုဆိုသည်။ နယူးဂျာစီမြို့တွင် အိမ်ခြေ ၁၀၀၀၀ခန့် လျှပ်စစ်မီးချို့ယွင်းပြီး လောင်းအိုင်လန်တွင်လည်း အိမ်ခြေ ၃၂၀၀ခန့်လျှပ်စစ်ပြတ်တောက်သွားကြောင်း သတင်းထုတ်ပြန်ချက်အရသိရှိရသည်။

နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဘော်စတွန်မြို့မှသည် နယူးဂျာစီနှင့် ဝါရှင်တန် ဒီစီတို့အထိဖြစ်သော လေဆိပ်များကို ခေတ္တပိတ်ထားလိုက်ရကြောင်းပြည်ထောင်စုမြို့ပြလေကြောင်းအုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

ဗာဂျီးနီးယားပြည်နယ်မှသည် မိန်းပြည်နယ်အထိ အရှေ့မြောက်ပိုင်းကမ်းရိုးတန်းဒေသ တစ်ဝန်းတွင် ဆီးနှင်းခဲများ ပိတ်ဆို့လျက်ရှိသဖြင့် အဆက်အသွယ် ပြတ်တောက်ခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

ဇီဝလောင်စာထုတ်လုပ်သုံးစွဲရေး မဟာဗျူဟာ ဥရောပနိုင်ငံများ ကျင့်သုံးသွားရန် စီစဉ်နေ

ဘရပ်ဆယ် ဖေဖော်ဝါရီ ၁၂

အဖွဲ့ဝင် ၂၅နိုင်ငံပါဝင်သော ဥရောပသမဂ္ဂအဖွဲ့သည် စိုက်ပျိုးရေးကိုအခြေခံသော ဇီဝလောင်စာထုတ်လုပ်သုံးစွဲရေး မဟာဗျူဟာတစ်ရပ်ကို ကျင့်သုံးသွားရန် စီစဉ်နေကြောင်း ဗုဒ္ဓဟူးနေ့က ထွက်ပေါ်လာသော သတင်းများက ဖော်ပြသည်။

ဇီဝလောင်စာသုံးစွဲမှုကို အားပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို မြှင့်တင်ခြင်း၊ ဇီဝလောင်စာထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုတိုးတက်စေရန် ဖန်တီးပေးခြင်းနှင့် ယင်းလောင်စာရောင်းဝယ်ရေး လုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်း စသည့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ဥရောပသမဂ္ဂက အလေးထား လုပ်ဆောင်သွားမည်ဟု ဆိုသည်။

ထိုအစီအစဉ်များကို ကျင့်သုံးဖော်ဆောင်သွားမည်ဟုဆိုသော်လည်း သမဂ္ဂအဖွဲ့ဝင် နိုင်ငံများအတွင်း ဇီဝလောင်စာမသုံးမနေရဟု သတ်မှတ်ထားသည့် စည်းကမ်းချက်မျိုး ချမှတ်ထားခြင်းမရှိကြောင်း သတင်းကဖော်ပြသည်။

ဇီဝလောင်စာ ထုတ်ယူရာတွင် အရင်းအမြစ်များဖြစ်သော ဆီအုန်း၊ ပဲပိစပ်နှင့် ကြံပင်များ စိုက်ပျိုးနိုင်ရန်အတွက် အပူပိုင်းသစ်တော မြေဟက်တာ သန်းပေါင်းများစွာကို ရှင်းလင်း ခုတ်ထွင်ခဲ့ကြပြီးဖြစ်သည်။ ထိုသို့ တောရှင်းလင်းသော လုပ်ရပ်များကြောင့် ယခုအချိန်မှာပင် ဤကမ္ဘာမြေသည် ဇီဝမျိုးကွဲ များစွာကို ဆုံးရှုံးခဲ့ရပြီးဖြစ်သည်ဟု ကမ္ဘာ့သဘာဝထိန်းသိမ်းရေး ရန်ပုံငွေအဖွဲ့က သတိပေးထားသည်။

စိုက်ပျိုးကြရာ၌ မျိုးဗီဇပြုပြင်ထားသော ဂျီအမ်အိုအပင်များကို စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးများ သုံးစွဲခြင်းတို့ကြောင့်လည်း မြေဆီလွှာနှင့် ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေပြီး ဇီဝမျိုးစိတ်များပျက်သုဉ်းရေးကို ရှေးရှုစေသည်ဟု ဆိုသည်။ ၂၀၀၄ခုနှစ်အတွင်းက ဥရောပသမဂ္ဂနိုင်ငံများမှ ဇီဝလောင်စာထုတ်လုပ်မှုသည် တန်ချိန် ၂ဒသမ၄ သန်းမျှရှိရာ ထိုနိုင်ငံများ၏ ဓာတ်ဆီနှင့် ဒီဇယ်ဆီသုံးစွဲမှု စုစုပေါင်း ပမာဏ၏ သုညဒသမ၈ ရာခိုင်နှုန်း အချိုးအစားသာရှိကြောင်း စာရင်းအင်းများအရ သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် နှင်းမုန်တိုင်း တိုက်ခိုက်ပြီး ဆီးနှင်းများ ကျရောက်နေသည်ကို ဖေဖော်ဝါရီ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လေထုညစ်ညမ်းမှု တိုက်ဖျက်ခြင်းဖြင့် စီးပွားရေးအရ အကျိုးအမြတ်များရရှိလာနိုင်

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၃

ကမ္ဘာ့နိုင်ငံများသည် လေထု ညစ်ညမ်းမှုကို တိုက်ဖျက်ခြင်းဖြင့် ရေရှည်တွင် စီးပွားရေးအရ အကျိုးအမြတ်များ ရရှိလာမည် ဖြစ်ကြောင်း ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ် (ယူအင်န်အီးပီ)က ထုတ်ပြန်သော လေ့လာချက်တွင် ဖော်ပြထားသည်။

လေထုညစ်ညမ်းမှုကြောင့် လူတို့တွင် ကျန်းမာရေးပြဿနာများ တိုးပွားလာနိုင်သည့် အားလျော်စွာ လေထုညစ်ညမ်းမှုကို တိုက်ဖျက်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များ လျော့နည်းသွားနိုင်သည်။ လေထုညစ်ညမ်းမှုကြောင့် လူ့သက်တမ်း မကုန်မီသေဆုံးရနိုင်သည့် အန္တရာယ်လည်းရှိကြောင်း၊ လေထုညစ်ညမ်းမှုကို လျှော့ချခြင်းဖြင့် ယင်းညစ်ညမ်းမှုကြောင့် ရောဂါဘယများ ဖြစ်ပွားမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ယူအင်န်အီးပီ၏ နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြသည်။ ယင်းအစီရင်ခံစာတွင် ၂၀၀၅ခုနှစ်၌ ကမ္ဘာတစ်ဝန်း တွေ့ကြုံရသော သဘာဝပတ်ဝန်းကျင် အပြောင်းအလဲများကိုဖော်ပြထားသည်။

လေထုညစ်ညမ်းမှုကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဂေဟစနစ်များကို ပျက်စီးစေနိုင်သည်။ ၎င်းအပြင် သစ်တောများနှင့် အများပြည်သူဆိုင်ရာ အဆောက်အအုံများမှာလည်း လေထုညစ်ညမ်းမှု၏ ဆိုးကျိုးဒဏ်ကို တွေ့ကြုံခံစားရနိုင်သည်။ **အင်တာနက်။**

ဆေးလိပ်ကြောင့် ဘရာဇီးနိုင်ငံသားနှစ်သိန်း နှစ်စဉ်သေဆုံး

ဘရာစီးလီးယား ဖေဖော်ဝါရီ ၁၂

ဆေးရွက်ကြီး၊ ဆေးလိပ်၊ ဆေးတံဆေးတို့နှင့် ဆက်နွှယ်သည့် နာမကျန်းဖြစ်မှုများကြောင့် ဘရာဇီးနိုင်ငံသားနှစ်သိန်း နှစ်စဉ် သေဆုံးလျက်ရှိကြောင်း ဘရာဇီးနိုင်ငံ အမျိုးသားကင်ဆာဌာန(အိုင်အင်စီ)က ထုတ်ပြန်သည်ဟု ဒေသဆိုင်ရာသတင်းဌာနများက ကြာသပတေးနေ့တွင် ဖော်ပြသည်။ ယခုအခါ ဘရာဇီးနိုင်ငံ၌ ဆေးလိပ်သောက်သူဦးရေ ၂၅ သန်းရှိကြောင်း အိုင်အင်စီ၏ ဆေးရွက်ကြီးဌာနခွဲမှ အထူးကျွမ်းကျင်သူ ဗီရာကိုလံဘိုက ပြောကြားသည်။

လောလောဆယ်တွင် အစိုးရ၏ လုပ်ငန်းအဖွဲ့က နိုင်ငံတစ်ဝန်းရှိ ကျောင်းပေါင်း ၈၀၀၀ ၌ ပညာသင်ကြားနေကြသော ကလေးများအတွက် ဦးတည်ဆောင်ရွက်လျက်ရှိသည်။ ဆေးရွက်ကြီး၊ ဆေးလိပ်၊ ဆေးတံဆေးတို့နှင့် ဆက်နွှယ် သည့် နာမကျန်းဖြစ်မှုတိုက်ဖျက်ရေး နိုင်ငံတကာညီလာခံကို ဆွစ်ဇာလန် နိုင်ငံ၌ ယခုရက်သတ္တပတ်တွင် ကျင်းပခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ စီစဉ်သူများအား ကိုလံဘိုက ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဆေးရွက်ကြီး၊ ဆေးလိပ်၊ ဆေးတံဆေးတို့နှင့် ဆက်နွှယ်သည့် နာမကျန်း ဖြစ်မှုများတွင် ပန်းနာရောဂါ၊ ချောင်းဆိုးရင်ကျပ်ရောဂါ၊ အသက်ရှုမှုဆိုင်ရာ ကူးစက်ရောဂါများ၊ နှလုံးရောဂါနှင့် အဆုတ်ကင်ဆာရောဂါတို့ ပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖလူးဂျာမြို့အနီးတွင် လမ်းဘေးဗုံးပေါက်ကွဲ ကင်းလှည့်လာသည့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၂

အီရတ်နိုင်ငံ ဖလူးဂျာမြို့အနီးတွင် ကြာသပတေးနေ့က ကင်းလှည့်ထွက်လာသည့် အမေရိကန်တပ်ဖွဲ့၏ မော်တော်ယာဉ်အနီး လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးမှာ အမှတ်(၂) မရိန်းတပ်မမှ တပ်ဖွဲ့ဝင်များဖြစ်ကြကြောင်း၊ အဆိုပါ တပ်ဖွဲ့ဝင်များ သေဆုံးမှုကို သက်ဆိုင်ရာ မိသားစုများထံသို့ အကြောင်းကြားထားဆဲဖြစ်သဖြင့် ၎င်းတပ်ဖွဲ့ဝင်များ၏ အမည်များကို ထုတ်ဖော်ပြောဆိုနိုင်ခြင်းမရှိကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။ အီရတ်တွင် နောက်ဆုံးသေဆုံးသည့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ အပါအဝင် ယင်းနိုင်ငံတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် အီရတ်စစ်ပွဲစတင်ချိန်နောက်ပိုင်းမှစ၍ ယခုအချိန်အထိ ၂၂၆၂ ဦး ရှိသွားပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရန်နိုင်ငံအပေါ် မတရားဖိအားပေးလာမည်ဆိုပါက နျူမပြန့်ပွားရေးစာချုပ်မှ နုတ်ထွက်ဖွယ်ရှိဟုဆို

တီဟီရန် ဖေဖော်ဝါရီ ၁၂

အီရန်နိုင်ငံ၏ ရန်သူများက နျူကလီးယားမပြန့်ပွားရေးစာချုပ်(အင်န်ပီတီ)ကို အသုံးချကာ အီရန်နိုင်ငံကို မတရားဖိအားပေးလာမည်ဆိုပါက မိမိတို့နိုင်ငံသည် ယင်းစာချုပ်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ကောင်း နုတ်ထွက်ရဖွယ် ရှိကြောင်း သမ္မတ မာမွတ်အာမက်နီဂျက်ဒ်က စနေနေ့တွင် ပြောကြားသည်။

အီရန်နိုင်ငံ၏ မူဝါဒသည် နိုင်ငံတကာအဏုမြူစွမ်းအင် (အိုင်အေအီးအေ)နှင့်အင်န်ပီတီ၏မူဘောင်အတွင်းမှ နျူကလီးယား စွမ်းအင်ကို အသုံးချမည့်မူဝါဒဖြစ်သည်ဟု ၎င်းက အစ္စလမ္မစ်တော်လှန်ရေး နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်နေကြသော လူထုပရိသတ်ကြီးအား မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အီရန်ပြည်သူလူထု၏ ရပိုင်ခွင့်များကို ဖျက်ဆီးရန်အတွက် ယင်းစာချုပ်ကို အသုံးချကာ ဖိအားပေးမည်ဆိုပါက အီရန်၏ မူဝါဒကို ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

နျူကလီးယားနည်းပညာသည် မိမိတို့၏ အကြွင်းမဲ့ ရပိုင်ခွင့်ဖြစ်သည်ဟု လူထုပရိသတ်ကြီးက သမ္မတ၏ ဝေဖန်ပြောကြားမှုကို လက်ခံသည့်အနေဖြင့် ဟစ်ကြွေးကြသည်။

မည်သို့ပင်ဖြစ်စေကာမူ လောလောဆယ်တွင် အီရန်က အင်န်ပီတီစာချုပ်မှ ရုတ်ခြည်းနုတ်ထွက်မည်မဟုတ်သေးဟု သမ္မတက ဆက်လက်ပြောကြားသည်။ မိမိတို့အနေဖြင့် စိတ်ရှည်လက်ရှည်ဖြင့် ဆက်လက်နေထိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ စိတ်ရှည်မှုကို ပျက်ပြားအောင် မတရားဖိအား မပေးသင့်ကြောင်း အီရန်သမ္မတက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရိုမေးနီးယားနိုင်ငံတွင် ဆီးနှင်းများ ထူထပ်စွာကျရောက်မှုကြောင့် လမ်းပေါ်၌ ပိတ်မိနေသည့် ကားတစ်စီးအား ဝိုင်းဝန်းရွှေ့ပြောင်းနေကြသည်ကို ဖေဖော်ဝါရီ ၁၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သန့်ရှင်းရေးသုံး စက်ပစ္စည်းများကို ကိုလံဘိုမြို့သို့ ဂျပန်ကလှူဒါန်း

ကိုလံဘို ဖေဖော်ဝါရီ ၁၂

ဂျပန်နိုင်ငံအစိုးရသည် သန့်ရှင်းရေးသုံး ပစ္စည်းများကို သီရိလင်္ကာနိုင်ငံ မြို့တော် ကိုလံဘို မြူနီစီပါယ်ကောင်စီ (စီအမ်စီ) သို့ ပေးလှူခဲ့ကြောင်း၊ ထိုလှူဒါန်းပစ္စည်းများ၏ တန်ဖိုးသည် ရူပီး ၁၄၆ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆ သန်း)ရှိကြောင်း ဒေးလီးသတင်းဌာနက ဖေဖော်ဝါရီ ၉ရက်တွင် ဖော်ပြခဲ့သည်။

လွှဲပြောင်းပေးအပ်

အဆိုပါပစ္စည်းများ ပေးအပ်ပွဲကို ကိုလံဘိုမြို့၌ ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည်။ သီရိလင်္ကာနိုင်ငံရှိ ဂျပန်သံအမတ် အာကီအိုဆူဒါက မြို့ပြဖွံ့ဖြိုးရေးနှင့် ရေဖြန့်ဖြူးရေးဌာနဝန်ကြီး ဒီနက်ဂူနာဝါဒီနာနှင့် ကိုလံဘိုမြို့တော်ဝန် ပရီဆန်နာဂူနာဝါဒီနာလက်သို့ ထိုပစ္စည်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ကိုလံဘိုမြို့၌ စည်ပင်သန့်ရှင်းရေးစနစ်ကို ၁၉၀၀ ပြည့်နှစ်တွင် အများအပြား တည်ဆောက်ခဲ့သည်။ ယခုအခါ အဆိုပါစနစ်များ ပျက်စီးလျက်ရှိသည်။ အဆိုပါ စနစ်ကို စီအမ်စီအဖွဲ့က ဆက်လက် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ပါဝင်

ကိုလံဘိုမြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် ရေမြောင်း၊ မိလ္လာ စသည် ပိတ်ဆို့မှုနှင့် လျှံကျမှုဖြစ်ခဲ့သည်အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ထုတ်ပြန်ချက်များကို မကြာခဏထုတ်ပြန်ခဲ့ရသည်။ လှူဒါန်းထားသော ပစ္စည်းများတွင် လေစုပ်စက် လေးလုံး၊ ရေပုပ်စုပ်စက် နှစ်လုံး၊ ဝန်ချီထရပ်ကား တစ်စီးနှင့် အပိုပစ္စည်းတို့ ပါဝင်သည်။

ကိုလံဘိုမြို့တွင် ပတ်ဝန်းကျင် သန့်ရှင်းမှုရှိရန်နှင့် လူနေမှုအဆင့်အတန်း မြင့်မားရန်အတွက် အဆိုပါ စက်ပစ္စည်းများဖြင့် လိုအပ်သောနေရာများတွင် စီအမ်စီအဖွဲ့က လိုက်ပါဆောင်ရွက်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် ဆီးနှင်းတောင်ပြိုကျ ရွာသား ၁၉ ဦး သေဆုံး

မာဇာ-အီ-ရှာရစ်ဖ် (အာဖဂန်နစ္စတန်) ဖေဖော်ဝါရီ ၁၂

အာဖဂန်နစ္စတန်နိုင်ငံ ဟိန္ဒူကုတ်ရှိ တောင်တန်းများမှ ဆီးနှင်းပြိုကျမှုကြောင့် အိမ်ခြေ ၁၀လုံး နှင်းခဲများနှင့်အတူပါသွားပြီး လူ ၁၉ ဦး သေဆုံးခဲ့ရာ အများစုသည် ကလေးငယ်များဖြစ်ကြောင်း ပြည်နယ်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ဆာရီးပေါလ်ပြည်နယ်ရှိ ဝေးလံခေါင်သီသောဒေသအချို့တွင် တနင်္လာနေ့က ဆီးနှင်းများပြိုကျခဲ့ပြီး လွန်ခဲ့သည့် ရက်သတ္တပတ်ရက်အားတွင် နှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့သည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး ဆေးယက်အစ်ဘာမူနစ်က ပြောကြားသည်။

လူ ၁၉ ဦး သေဆုံးပြီး လူကိုးဦး ဒဏ်ရာရသည်ဟု ၎င်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဥရောပသို့ သွားရောက်အလုပ်လုပ်သည့် ဖိလစ်ပိုင်လုပ်သားဦးရေ တိုးပွားနိုင်ဖွယ်ရှိ

မနီလာ ဖေဖော်ဝါရီ ၁၂

ဖိလစ်ပိုင်နိုင်ငံမှ ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူ ဦးရေသည် ဥရောပဒေသနှင့် ဗြိတိန်နိုင်ငံတို့တွင် လွန်ခဲ့သည့်နှစ်အတွင်း မြင့်မားလာနေစဉ် ဥရောပသမဂ္ဂက ဥရောပဒေသရှိနိုင်ငံများမှ အလုပ်သမားများကို တိုးချဲ့လက်ခံမည့် အစီအစဉ်ကြောင့် ယင်းဒေသတွင် ဖိလစ်ပိုင်အလုပ်သမားများကို လိုလိုလားလားလက်ခံနေမှုအပေါ် ထိခိုက်မှုမရှိကြောင်းဖြင့် ဖိလစ်ပိုင်အစိုးရ တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှအလုပ်သမားများ ဥရောပဒေသသို့လာရောက်အလုပ်လုပ်ကိုင်မှုကြောင့် ဖိလစ်ပိုင်အလုပ်သမားများ ယင်းဒေသသို့ လိုလိုလားလား လာရောက်လုပ်ကိုင်ရန် တောင်းဆိုမှုအပေါ် ထိခိုက်နိုင်မည့် အန္တရာယ်မရှိသလို၊ အလုပ်သမားဦးရေ လျော့နည်းမှုလည်း ဖြစ်စေနိုင်သည့် စိုးရိမ်မှုများပေါ်ပေါက်စေမည့်အထောက်အထားမရှိဟု ဖိလစ်ပိုင်အလုပ်သမားဝန်ကြီး ပက်ထရစ်စတိုတိုမက်စ်က ပြောကြားသည်။

တူရကီ၊ ခရိုအေးရှား၊ ရိုမေးနီးယားနှင့်ဘူလ်ဂေးရီးယားနိုင်ငံများပါဝင်သည့် ဥရောပသမဂ္ဂ၏ အလုပ်သမား တိုးချဲ့လက်ခံမည့် အစီအစဉ်၏ စာရင်းဇယားများတွင် ကျွမ်းကျင်မှုရှိပြီး စာရွက်စာတမ်း အခိုင်အမာရှိသည့် ကုန်းပိုင်းအခြေစိုက်နေထိုင်သော ဖိလစ်ပိုင်မှ အလုပ်သမားဦးရေသည် ဥရောပဒေသတွင် ၁၉၈၄ခုနှစ် အတွင်း ၃၆၈၃ဦးရှိခဲ့ရာမှ ၂၀၀၄ခုနှစ်အတွင်း ၅၅၁၁၆ဦးအထိ မြင့်မားလာခဲ့ကြောင်း ရှင်းလင်းစွာ ဖော်ပြနေသည်။

၂၀၀၅ခုနှစ်၏ ပထမရှစ်လအတွင်း ဥရောပဒေသတွင်နောက်ထပ်ဖြန့်ကြက်ထားသည့် ဖိလစ်ပိုင် အလုပ်သမားဦးရေသည် ၃၉၁၉၁ဦးအထိ ရှိသည်ဟု တိုမက်စ်က ဖိလစ်ပိုင် ပြည်ပအလုပ်သမားခန့်ထားရေး အုပ်ချုပ်ရေးဌာန၏ ပဏာမအစီရင်ခံစာကို ကိုးကား၍ ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်တွင် ငလျင်လှုပ် ပြည်သူများ အလန့်တကြားဖြစ်

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၂

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့တော်နှင့် နိုင်ငံမြောက်ပိုင်းရှိ မြို့များတွင် ရစ်ချ်တာစကေးအရ ၅ ဒသမ ဝ၁ အင်အားရှိသော အတန်အသင့်ပြင်းသည့် မြေငလျင်တစ်ခု ဖေဖော်ဝါရီ ၈ ရက်က လှုပ်သွားခဲ့ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်သည်။

ထိုနေ့ ညနေပိုင်း ၅နာရီ ၅၇မိနစ်နာရီအချိန်တွင် စက္ကန့်အနည်းငယ်မျှ သာကြာမြင့်သည့် ငလျင်လှုပ်သွားခြင်းဖြစ်ပြီး ထိုငလျင်ကို အစ္စလမ္မာဘတ်နှင့်မူဇာ ဖာရာဘတ်မြို့တို့၌လည်း ခံစားလိုက်ကြရသည်။

ထို့အပြင် အောက်တိုဘာ ၈ ရက် ပါကစ္စတန်နိုင်ငံ ငလျင်ကြီး လှုပ်စဉ်က ငလျင်ဒဏ်သင့်ခဲ့သော ပက်ရှာဝါမြို့၊ မန်စီရာမြို့၊ ဘာလာကော့မြို့နှင့် အဘာတိုဘတ်မြို့တို့၌လည်း ဖေဖော်ဝါရီ ၈ ရက်တွင် လှုပ်သွားသည့် ငလျင်ကို ခံစားရကြောင်း သိရသည်။ အောက်တိုဘာ ငလျင်ကြီးလှုပ်စဉ်က လူပေါင်း ၇၃၀၀၀ အသက်ဆုံးရှုံးခဲ့ရသည်။

အမ်အင်အေ၊ပီတီအိုင်။

ပတ်ဝန်းကျင်ကို မညစ်ညမ်းစေဘဲ စရိတ်သက်သာသည့် အုတ်လုပ်နည်း ဘင်္ဂလားဒေ့ရှ် သုတေသီများတွေ့ရှိ

ဒါကာ ဖေဖော်ဝါရီ ၁၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြည်တွင်းသုတေသီများသည် စရိတ်အကုန်အကျနည်းပါးပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်မှုကင်းဝေးစေသော အုတ်လုပ်နည်းတစ်မျိုးကို ဖော်ထုတ်တွေ့ရှိထားကြောင်း ဒေသဆိုင်ရာ အင်ဒီပန်းဒင့်သတင်းစာက ဖေဖော်ဝါရီ ၉ ရက် သတင်းတွင် ရေးသားသည်။

သဲဖြင့်ပြုလုပ်ထားသော အုတ်များကို ဟိုက်ဒရောလစ် ဖိအားသုံးစက်ဖြင့် ထုတ်လုပ်နိုင်သည်။ ထိုအုတ်စက်တစ်လုံး၏ ကုန်ကျစရိတ်မှာ တာကာငွေ ငါးသောင်း သို့မဟုတ် အမေရိကန်ငွေ ဒေါ်လာ ၆၇၆၀ မျှသာရှိပြီး နှစ်မိနစ်လျှင် အုတ်နှစ်လုံးကျ နှုန်းဖြင့် ထုတ်လုပ်ပေးနိုင်သည်။ ယင်အုတ်စက်ကို လည်ပတ်ရာ၌ လျှပ်စစ်ဓာတ်အားကို သုံးစွဲရန်မလိုဘဲ လူ့လုပ်အားဖြင့်ပင် ထုတ်လုပ်နိုင်ကြောင်း ဘင်္ဂလားဒေ့ရှ်သုတေသနဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ကိုရဘန်အလီက ပြောကြားသည်။

အုတ်တစ်ချပ်၏ ထုတ်လုပ်ကုန်ကျစရိတ်သည် ပျမ်းမျှအားဖြင့် ၁ ဒသမ ၂ တာကာမှ ၁ ဒသမ ၄ တာကာ သို့မဟုတ် ၁ ဒသမ ၈၅ ဆင့်မှ ၂ ဒသမ၁၅ဆင့်အထိရှိသည်။စက်တစ်လုံး ရှစ်နာရီတစ်ဆိုင်းလျှင် သဲအုတ် အလုံးရေ တစ်ထောင်ခန့်အထိ ထုတ်လုပ်နိုင်ပြီး ထိုတစ်ဆိုင်းအတွက် ထုတ်လုပ်စရိတ်မှာ ၁၀၇၇ တာကာ သို့မဟုတ် ၁၆ ဒသမ ၅၇ ဒေါ်လာခန့်ရှိသည်ဟု အလီက ပြောကြားသည်။ ၎င်းတို့သည် သုံးလကြာမျှ သုတေသနပြုလုပ်ပြီးနောက် ယခုအုတ်လုပ်နည်းအသစ်ကို တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့တွင် အသက် ၆၀ ကျော် ၇၀ အရွယ် အမျိုးသမီးများ ကျန်းမာသန်စွမ်းရေးအတွက် တိုက်ကွမ်ဒိုလေ့ကျင့်နေကြသည်ကို ဖေဖော်ဝါရီ ၉ရက် တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်တရုတ်ပင်လယ်အရေး တရုတ်နှင့် အာဆီယံနိုင်ငံများဆွေးနွေး

စန်ယာ ဖေဖော်ဝါရီ ၁၂

တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တို့သည် နှစ်ရက်ကြာ ဆွေးနွေးကြပြီးနောက် တောင်တရုတ်ပင်လယ်ဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်ဆိုသည့် သတင်းများ ထွက်ပေါ်လာသည်။

တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် စန်ယာမြို့တွင် ကျင်းပသည့် ယခုအစည်းအဝေးသည် တရုတ်နှင့် အာဆီယံနိုင်ငံများအတွက် တောင်တရုတ်ပင်လယ်ကိစ္စကို ဆွေးနွေးသော ဒုတိယအကြိမ် အစည်းအဝေးဖြစ်သည်။ တောင်တရုတ်ပင်လယ်ဒေသအတွင်း တည်ရှိသောနိုင်ငံများအနေဖြင့် ထိုဒေသအရေး ဆောင်ရွက်ကြရာတွင် လိုက်နာကြရမည့် စည်းကမ်းများကိုအပြီးသတ်ချမှတ်နိုင်ရန် ဆွေးနွေးကြခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကျောက်ဖြူမှရန်ကုန်၊ ရမ်းဗြဲမှရန်ကုန်ခရီးသည်နှင့် ကုန်တင်မော်တော်ယာဉ်လိုင်းများဖွင့်လှစ်ပြေးဆွဲနိုင်မည်သို့မှမဖြစ်နိုင်ဟုယူဆရသည့် အိပ်မက်လမ်းမကြီး အသုံးပြုနေပြီဖြစ်သည်ကို မျက်ဝါးထင်ထင်တွေ့ရပြီ

▲ ရှေ့ဖုံးမှ

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့်တံတားကြီးသည် ကျောက်ဖြူမြို့မှ ၅၇/၅ မိုင်ကွာဝေးသည့် သဇင် တန်ပေါက်ချောင်းပေါ်ရှိ အလျား ၅၉၂ပေ ၄လက်မအရှည်ရှိသော သဇင်တံပေါက်တံတားကြီး ဖြစ်ကြောင်း၊ ရန်ကုန်–ကျောက်ဖြူကားလမ်းမကြီးပေါ်တွင် တံတားကြီး ၁၀စင်းရှိသည့်အနက် မအီတံတား၊ကျောက်ကြီးပေါက်တံတား၊ စနဲပေါက်တံတား၊ ဒီးဒုတ်ပေါက်တံတား၊ လုံးတော်ပေါက်တံတား၊ သံသမကြီးတံတား၊ သံသမချေတံတား စသည့်တံတားကြီး ခုနစ်စင်းကို အောင်မြင်စွာဖွင့်လှစ်ခဲ့ပြီးဖြစ်သကဲ့သို့ ယခုဖွင့်လှစ်သည့် သဇင်တန်ပေါက်တံတားသည် အဋ္ဌမမြောက်ဖွင့်လှစ်နိုင်သည့် တံတားကြီးတစ်စင်းဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်း ၃၃စင်းမြောက် ဖွင့်လှစ်နိုင်သည့် တံတားကြီးလည်း ဖြစ်ကြောင်း၊ ရန်ကုန်–ကျောက်ဖြူလမ်းပေါ်ရှိ ကျန်ရှိသည့် တံတားကြီးနှစ်စင်းအနက် ရခိုင်ပြည်နယ်တွင် အရှည်ဆုံးတံတားဖြစ်သော အရှည် ၂၇၀၄ပေရှိ မင်းကြောင်းချောင်းတံတားကြီးသည် ဖွင့်လှစ်ရန်အသင့်ရှိနေပြီဖြစ်သကဲ့သို့ တည်ဆောက်ဆဲ ဝန်ဖိုက်တံတားကြီးသည်လည်း မကြာမီကာလတွင် တည်ဆောက်ပြီးစီးတော့မည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်သည် ဘင်္ဂလားပင်လယ်အော်နှင့် ရခိုင်ရိုးမအကြားတည်ရှိပြီး အခြားသော ပြည်နယ်နှင့်တိုင်းများနှင့်ဆက်သွယ်သွားလာရာတွင်လည်းကောင်း၊ ပြည်နယ်အတွင်းခရိုင်နှင့် မြို့နယ်အသီးသီးအကြား ဆက်သွယ်သွားလာရာတွင်လည်းကောင်း ခက်ခဲလှသည့်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်စီမံမှုဖြင့် ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း။

အောင်မြင်စွာတည်ဆောက်နိုင်

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး၏ အစီအမံဖြင့် ပထမဆုံးဖွင့်လှစ်နိုင်ခဲ့သည့်လမ်းသည် အရှည် ၅၃၅/၃ မိုင်ရှည်လျားသည့် စစ်တွေ–အမ်း–ရန်ကုန် လမ်းမကြီးဖြစ်ကြောင်း၊ ယင်းလမ်းမကြီးသည် မြစ်ချောင်းများ၊ တောင်တန်းများပေါ်ဖြတ်ကျော်ပြီး တည်ဆောက်ခဲ့ရသည်ဖြစ်၍ ပေ ၁၈၀ အထက်တံတားကြီး ၃၇စင်းအပါအဝင် တံတားငယ်စုစုပေါင်း ၈၀၀ကျော်ဖြင့် အခက်အခဲများစွာကို အောင်မြင်စွာကျော်လွှားတည်ဆောက်နိုင်ခဲ့သည့်လမ်းမကြီးတစ်လမ်း ဖြစ်ကြောင်း၊ စစ်တွေ–အမ်း–ရန်ကုန်လမ်းမကြီးကို ဖွင့်လှစ်ပြီးသည့်နောက် ဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန် စီမံပေးမှုဖြစ်သော အလျား ၄၀၇/၃ မိုင်ရှိသည့် ကျောက်ဖြူ–တောင်ကုတ်–ရန်ကုန်လမ်းမကြီးကို ၂၀၀၁ခုနှစ်မှစတင်ဖောက်လုပ်ခဲ့ကြောင်း၊ ယင်းလမ်းမကြီးသည် မအီနှင့်ကျောက်ဖြူအကြား အကွာအဝေး ၇၅မိုင်ရှိသည့် အနက်ရှုံ့နွံများထူထပ်သည့် ဒီရေတောအတွင်းမိုင် ၂၀ကိုဖြတ်သန်းကာ ခက်ခက်ခဲခဲတည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ဒီရေတောရှုံ့နွံများအတွင်း ကားလမ်းဖောက်လုပ်နိုင်ရန်အတွက် အဆင့်မြင့် Geotextile နည်းပညာသုံး၍ ခက်ခက်ခဲခဲတည်ဆောက်ရသကဲ့သို့ ပေ ၁၈၀အထက်တံတားကြီး ၁၀စင်းကိုလည်း တစ်ပြိုင်တည်း တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယခုအခါလမ်းတည်ဆောက်မှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်လျက်ရှိပြီး တံတားကြီး၁၀စင်းရှိသည့်အနက် ယခုသဇင်တန်ပေါက်တံတားအပါအဝင် တံတားကြီးရှစ်စင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သကဲ့သို့ ကျောက်ဖြူမှရန်ကုန်သို့လည်းကောင်း၊ ရမ်းဗြဲမှရန်ကုန်သို့လည်းကောင်း ခရီးသည်နှင့်ကုန်တင်မော်တော်ယာဉ်လိုင်းများ စတင်ဖွင့်လှစ်ပြေးဆွဲနိုင်ပြီဖြစ်သဖြင့် မည်သို့မှမဖြစ်နိုင်ဟု ယူဆရသည့် အိပ်မက်လမ်းမကြီးသည် အသုံးပြုနေပြီဖြစ်သည်ကို မျက်ဝါးထင်ထင်တွေ့ရှိရပြီဖြစ်ကြောင်း၊ ရန်ကုန်–ကျောက်ဖြူလမ်းမကြီး ပေါ်ထွန်းလာသည်နှင့်အတူ မကြာမီဖြစ်ထွန်းပေါ်ပေါက်လာမည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းကြီးနှင့်တကွ ရမ်းဗြဲကျွန်းပေါ်ရှိ ပြည်ပအရင်းအနှီးမြှုပ်နှံမှုဖြစ်သည့် CNOOCကုမ္ပဏီ၏ ရေနံရှာဖွေရေးလုပ်ငန်းများ၊ ကမ်းလွန်လုပ်ကွက် A (1) ရှိ ရွှေနှင့်ရွှေဖြူသဘာဝဓာတ်ငွေ့မြေများနှင့် ဆက်စပ်လျက် ကျောက်ဖြူ ရမ်းဗြဲဒေသသည် အံ့မခန်းဖွံ့ဖြိုးတိုးတက်လာမည့် ဒေသကြီးတခုအဖြစ်တွေ့မြင်ရတော့မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ကျောက်ဖြူ–ရန်ကုန် လမ်းမကြီးဖွင့်လှစ်ခြင်းဖြင့် ရခိုင်ပြည်နယ်သည် အခြားပြည်နယ်/တိုင်းများကို အဓိကလမ်းမကြီးသုံးခုဖြင့် အလွယ်တကူသွားလာနိုင်ပြီဖြစ်ကြောင်း ၊ ယင်းလမ်းမကြီးများမှာ အရှည် ၅၃၅/၃ မိုင်ရှိသည့် စစ်တွေ–အမ်း–ရန်ကုန်လမ်းမကြီး အရှည် ၄၁၇ မိုင်ရှိသည့် ကျောက်ဖြူ–တောင်ကုတ်–ရန်ကုန်လမ်းမကြီးနှင့်အရှည် ၂၃၃ မိုင်ရှိသည့် သံတွဲ–ဂွ–ရန်ကုန်လမ်းမကြီးတို့ဖြစ်ကြောင်း၊ ဤလမ်းမကြီးသုံးခုကို အမ်း–မအီ–တောင်ကုတ်–သံတွဲလမ်းမကြီးဖြင့်ဆက်စပ်လျက် ရခိုင်ပြည်နယ်အတွင်းခရိုင်နှင့်မြို့နယ်အသီးသီးသည်လည်း အလွယ်တကူဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း၊ ထို့အပြင် စစ်တွေ–အမ်း–တောင်ကုတ်–ဂွ အရှည် ၄၈၃ မိုင်ရှိ ကမ်းရိုးတန်းလမ်းလည်း ရှိကြောင်း။

ယခုကဲ့သို့ ရခိုင်ပြည်နယ်အတွင်းအဓိက အသက်သွေးကြောဖြစ်သည့် ဆက်သွယ်ရေး လမ်းမကြီးများပေါ်ပေါက်လာသည်နှင့်အမျှ ရခိုင်ပြည်နယ်၏ အဓိကစိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည့် ဆန်စပါးစိုက်ပျိုးရေး၊ နှစ်ရှည်သီးနှံများဖြစ်သည့် ငရုတ်ကောင်း၊ ရော်ဘာ၊ သစ်ဆိမ့်စိုက်ပျိုးရေး လုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ပြည့်မီအောင်စိုက်ပျိုး

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရခိုင်ပြည်နယ်အနေဖြင့် စပါးစိုက်ပျိုးရေးဧက ၁၂ သိန်းပြည့်မီအောင် စိုက်ပျိုးရန် လမ်းညွှန်မှုပြုထားပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ၂၀၀၅–၂၀၀၆စိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧက ၁၀၁၀၀၀၀၀ လျာထားခဲ့ရာတွင် ၁၁၀၀၆၃၂ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၆–၂၀၀၇စိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧက ၁၂သိန်းအထိ စိုက်ပျိုးသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နွေစပါးဧက သုံးသောင်းလျာထားခဲ့ပြီး ၁၂၁၄၈ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်းကိုလည်း စိုက်ဧက ၂၀၃၅၁အထိ စိုက်ပျိုးနိုင်ခဲ့ပြီး ရော်ဘာကိုလည်း ဧကတစ်သိန်းအထိ တိုးချဲ့ စိုက်ပျိုးသွားရန်ဖြစ်ကြောင်း။

အလားတူ နိုင်ငံတော်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် သဘာဝလောင်စာ Bio Diesel ထုတ်လုပ်ပေးနိုင်မည့် ကြက်ဆူပင်ကိုလည်း ၂၀၀၆–၂၀၀၇စိုက်ပျိုးရာသီမှစပြီး သုံးနှစ်အတွင်း ဧကငါးသိန်း၊ အပင်ပေါင်း သန်း ၆၀၀ကို စိုက်ပျိုးရန်စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း မြို့နယ်ပေါင်း ၂၀တွင်တစ်မြို့နယ်လျှင်ခြစ်စည်းရိုးကြက်ဆူပင် စိုက်ဧက ၂၅၀၀၀နှင့် အပင်ပေါင်းသန်း ၃၀စီဖြင့် သုံးနှစ်အတွင်း ပြည့်မီအောင်စိုက်ပျိုးသွား ခြင်းဖြင့် လယ်ယာသုံးစက်ကိရိယာများ၊ ရေယာဉ်များ၊ လျှပ်စစ်ဓာတ်အားပေးစက်များ အတွက် အဓိကလောင်စာစွမ်းအင် Bio Diesel ကို ဖြည့်တင်းပေးနိုင်မည် ဖြစ်သကဲ့သို့ ထင်းအစားထိုး လောင်စာအဖြစ်မီးဖိုချောင်သုံးသဘာဝဒီဇယ်ဆီသုံး မီးဖိုများသုံးစွဲလာနိုင်မည်ဖြစ်သည့်အတွက် ဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်တင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ ရခိုင်ပြည်နယ်အနေဖြင့် ယခင်က ရေကြောင်းနှင့် လေကြောင်းကိုသာအားကိုးနေရပြီး ရာသီဥတုနှင့် သဘာဝအတားအဆီးအခက်အခဲများကြောင့် ပြည်နယ်အတွင်း မြို့နယ်အချင်းချင်းသွားလာဆက်သွယ်ရာတွင်လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် အခြားပြည်နယ်နှင့်တိုင်းများ ဆက်သွယ်သွားလာရာတွင်လည်းကောင်း အခက်အခဲများကြုံတွေ့ခဲ့ရ သော်လည်း ယခုအခါ စစ်တွေ–အမ်း–ရန်ကုန်လမ်းမကြီး၊ ကျောက်ဖြူ–တောင်ကုတ်–ရန်ကုန် လမ်းမကြီး၊ သံတွဲ–ဂွ–ရန်ကုန်လမ်းမကြီးနှင့် စစ်တွေ–အမ်း–တောင်ကုတ်–သံတွဲ–ဂွ ကမ်းရိုးတန်းလမ်းမကြီးတို့ တစ်ဆက်တစ်စပ်တည်းပေါ်ပေါက်လာပြီ ဖြစ်ကြောင်း၊ ယခုကဲ့သို့ အခက်အခဲ များစွာကြားမှ ပေါ်ပေါက်လာသည့် အိပ်မက်လမ်းမကြီးများနှင့်တကွ ယင်းလမ်းမကြီးများပေါ်ရှိ တန်ဖိုးကြီးမားလှသည့် တံတားကြီးများ အရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်းရင်းသားအားလုံး၏စီးပွားရေးနှင့် လူနေမှုဘဝ မြင့်မားတိုးတက်လာစေရန်အတွက် အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်နေသည့်နေရာတွင် အဓိကအခြေခံလိုအပ်ချက်ဖြစ်သည့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့အောင် လမ်းနှင့်တံတားများကို ဦးစားပေးတည်ဆောက်ပေးနေကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးနေရာတွင် တပ်မတော်အစိုးရ တာဝန်ယူခဲ့သည့်ကာလအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းမိုင်ပေါင်း ၅၀၀၅မိုင်နှင့် ယခုသဇင်တန်ပေါက်တံတား အပါအဝင် ပေ ၁၈၀နှင့်အထက် တံတားကြီး ၁၉၂စင်းကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနက ၁၁စင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ခုနစ်စင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက နှစ်စင်းအပါအဝင်ဆိုလျှင် စုစုပေါင်း ၂၁၂စင်းရှိပြီဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း၌ဆိုလျှင် ၁၉၈၈ခုနှစ်မတိုင်မီက ကားလမ်းစုစုပေါင်း ၄၄၈မိုင်သာ ရှိခဲ့ရာ ယခုဆိုလျှင် ၈၇၉/၁မိုင်ရှိလာပြီဖြစ်သည့်အတွက် ၄၄၉/၁မိုင်တိုးတက်ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သည် ယခင်က ရေလမ်းနှင့် လေကြောင်းလမ်းများကိုသာ အဓိကထားပြီး ကျန်ပြည်နယ်နှင့်တိုင်းများကို ဆက်သွယ်သွားလာနေကြရကြောင်း၊ ယခုဆိုလျှင် ရခိုင်ပြည်နယ်ကို ဝင်ပေါက်ကြီးလေးပေါက်အနေဖြင့် ရန်ကုန်–စစ်တွေလမ်း (အမ်း–စစ်တွေအပိုင်း) ၂၀၂/၃မိုင်၊ ရန်ကုန်–ကျောက်ဖြူလမ်း ၅၄၈/၆မိုင်၊ သိုင်းချောင်း–ဂွလမ်း ၂၇/၀ မိုင်နှင့် ပန်းတောင်း–တောင်ကုတ်လမ်း၅၅/၃မိုင်တို့ ဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်က ရခိုင်ပြည်နယ်သည် အခြားပြည်နယ်နှင့်တိုင်းများနှင့်ပါ ဆက်သွယ်မှု ခက်ခဲခဲ့သော်လည်း ယခုဆိုလျှင် ရန်ကုန်–စစ်တွေလမ်းမှနေ၍ မင်းဘူးမြို့ဘက်က တစ်ဆင့် မကွေးတိုင်းနှင့် အထက်မြန်မာပြည်ဒေသများသို့ လွယ်လင့်တကူ သွားရောက်နိုင်ပြီဖြစ်ကြောင်း၊ ထိုမျှမက တစ်ဖက်နိုင်ငံမှ ထွက်ကုန်များလည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ကနေ မန္တလေးတိုင်း၊ မကွေးတိုင်းတို့ကိုဖြတ်ပြီး စစ်တွေအထိ ကုန်သွယ်နေသကဲ့သို့ ရခိုင်ကမ်းရိုးတန်းမှ ရေထွက်ပစ္စည်းများကိုလည်း တစ်ဖက်နိုင်ငံအထိ ကုန်သွယ်မှုပြုနေကြပြီဖြစ်ကြောင်း။

လွယ်လင့်တကူ

အလားတူ ရန်ကုန်–ကျောက်ဖြူလမ်းကို အသုံးပြုပြီး ရန်ကုန်မြို့မှ ကျောက်ဖြူရေနက်ဆိပ်ကမ်းအထိ လွယ်လင့်တကူသွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ ထို့အတူ ပင် သိုင်းချောင်း–ဂွလမ်းကနေ ဧရာဝတီတိုင်းနှင့်လည်း တိုက်ရိုက်ဆက်သွယ်သွားလာနေကြပြီဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း အသစ်ဖောက်လုပ်ပေးခဲ့သည့် လမ်းတချို့ကို ဖော်ပြရမည်ဆိုလျှင် တောင်ကုတ်–မအီလမ်း၄၃/၄မိုင်၊ အမ်း–ပဒဲကြော–မအီလမ်း၄၄/၇မိုင်နှင့် မအီ–ကျောက်ဖြူလမ်း၇၇/၃မိုင်တို့ဖြစ်ကြောင်း၊ ယင်းလမ်းများဖောက်လုပ်ပေးသည့်အတွက် အခြား ပြည်နယ်၊ တိုင်းများနှင့် ဆက်သွယ်မှုလွယ်ကူသကဲ့သို့ ရခိုင်ပြည်နယ်အတွင်း မြောက်ပိုင်းနှင့် တောင်ပိုင်းလည်း ယခင်ကကဲ့သို့ ပုဏ္ဏား ပုသိမ်–မုံရွာလမ်းမှတစ်ဆင့် မကူးရတော့ဘဲ တိုက်ရိုက် လွယ်လွယ်ကူကူ သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း ပြန်ကြည့်မည်ဆိုလျှင် နယ်မြေဒေသ သဘာဝအရ မြောက်ဘက်တွင် တောတောင်များ ထူထပ်သကဲ့သို့ တောင်ဘက်တွင် ရှုံ့နွံများပေါများသည့် ဒေသဖြစ်၍ လမ်းများဖောက်ရာတွင် လုပ်ရိုးလုပ်စဉ် မြေဖို့၊ ကျောက်ခင်းပြီး ကြိတ်ရုံဖြင့်မပြီးဘဲ အောက်ခြေမြေသားခိုင်မာအောင် Geotextile ဆိုသည့်နည်းစနစ်ဖြင့် ပြုပြင်ရကြောင်း၊ ဤဒေသတွင် နိုင်ငံခြားက မှာယူပြီး လမ်းသားနေရာ မြေသားပြုပြင်သည့်နည်းဖြင့် ဆောင်ရွက်ရသည်ဖြစ်၍ ငွေကုန်ကြေးကျလည်းများကြောင်း။

ပင်ပင်ပန်းပန်းဖြင့် ရှုံ့နွံများအကြား ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ဤလမ်းသားများကို ယခုကဲ့သို့ ပြုပြင်ပြီးသွားသော်လည်း လမ်းသားများကို လိုအပ်သည့်အမြင့်ရောက်အောင်ထပ်မြှင့်ပြီးမှ ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း။

လမ်းများကို ပြည်နယ်နှင့်အဝန်း ဖောက်လုပ်ဆောင်ရွက်ပေးနေရုံဖြင့် မပြီးသေးဘဲ လမ်းများပေါ်တွင်တည်ရှိနေသည့် မြစ်များ၊ ချောင်းများကိုဖြတ်သန်းပြီး လိုအပ်သည့်တံတားကြီးငယ်များကိုပါ တည်ဆောက်ပေးနေရကြောင်း။

ရခိုင်ပြည်နယ်အနေဖြင့် ပြောရမည်ဆိုလျှင် ၁၉၈၈ ခုနှစ်မတိုင်မီက ပေ ၁၈၀ နှင့်အထက် တံတားကြီး ၁၁ စင်းသာရှိခဲ့ရာမှ ယခု ဤသဇင်တန်ပေါက်တံတားအပါအဝင် တံတားကြီး ၄၄ စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည့်အတွက် တံတားကြီး ၃၃ စင်း တိုးတက်တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းတံတားသစ်ကြီး ၃၃ စင်းမှာ တောင်ကုတ်–မအီ–ကျောက်ဖြူ လမ်းပေါ်တွင် ၁၁ စင်း၊ ရန်ကုန်–စစ်တွေလမ်းပေါ်တွင် ၁၅ စင်း၊ ဂွ–တောင်ကုတ်လမ်းပေါ်တွင် ခုနစ်စင်း တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ တံတားငယ်များအနေဖြင့် ဖော်ပြရမည်ဆိုလျှင် ပေ ၁၀၀ နှင့် ပေ ၁၈၀ အကြား တံတားပေါင်း ၁၉ စင်းနှင့် ပေ ၁၀၀ အောက် တံတား ၁၈၂ စင်း ပေါင်း ၂၀၁ စင်းတို့ကိုလည်း ဆောက်လုပ်ပေးထားပြီးဖြစ်ကြောင်း။

သဇင်တန်ပေါက်တံတားကို ၂၀၀၃ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး နှစ်နှစ်အကြာတွင် ဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ ဤတံတားကို ဖွင့်လှစ်နိုင်ခြင်းကြောင့် ရခိုင်ပြည်နယ် ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်နေပြည်သူများသည်ပင်လယ်ထွက်ပေါက်ကိုသာ အားကိုးနေရာက ယခု မော်တော်ကားဖြင့် အချိန်တိုအတွင်း အခြားပြည်နယ်နှင့်တိုင်းများသို့ ဆက်သွယ်သွားလာပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ဤဒေသမှပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်အောင် အထူးပင်ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤသဇင်တန်ပေါက်တံတားတစ်စင်း၏ ကုန်ကျစရိတ်သည် ပြည်တွင်းငွေကျပ်သန်းပေါင်း ၁၃၆၀ ကျော်နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၇ သန်းကျော်ရှိကြောင်း၊တစ်ပြည်လုံးအတိုင်းအတာဖြင့်ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောက်လုပ်ပေးထားသည့် တံတား ၁၉၂ စင်းဆိုလျှင် မည်မျှကုန်ကျမည်ကို ခန့်မှန်းကြည့်နိုင်ကြောင်း၊ တံတား ၁၉၂ စင်း၏ ကုန်ကျစရိတ်မှာ ငွေကျပ်သန်းပေါင်း ၁၃၅၀၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ သန်း ၁၇၀ ကျော်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် ဤလမ်း၊တံတားများကို ရေရှည်အသုံးပြုနိုင်အောင်၊ တည်တံ့အောင်ထိန်းသိမ်းရင်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တတ်အားသရွေ့ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးအောင်တင်သိန်းက သဇင်တန်ပေါက်တံတား တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက်ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ကြောင်းတို့ကို ကျေးဇူးတင်စကားပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်ပရိသတ်တို့သည် ဖဲကြိုးဖြတ်ဖွင့်လှစ်မည့် မုခ်ဦးသို့သွားရောက်နေရာယူကြပြီး မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း တို့က ဖဲကြိုးဖြတ်၍ သဇင်တန်ပေါက်တံတားကို ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧည့်သည်ပရိသတ်တို့နှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က စက်ခလုတ်နှိပ်၍ သဇင်တန်ပေါက်တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့်ဗိုလ်မှူးချုပ်မော်သိန်းတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြ၍ တံတားကို ဖြတ်သန်းကြည့်ရှုကြကာ ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

တံတားအမျိုးအစား

သဇင်တန်ပေါက်တံတားမှာ လွန်တူးဘိုးပိုင်သံကူကွန်ကရစ် အုတ်မြစ်နှင့် သံမဏိသံပေါင် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ပင်မသံပေါင်တံတားအရှည်မှာ ၃၅၂ ပေ ၄ လက်မနှင့် ချဉ်းကပ် တံတားအရှည်မှာ ပေ ၂၄၀ ရှိ၍ စုစုပေါင်း တံတားအရှည်မှာ ၅၉၂ ပေ ၄ လက်မရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ ပေနှင့် လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် သုံးပေစီဖြင့် နှစ်ဖက်ပါရှိပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

အဆိုပါသဇင်တန်ပေါက်တံတားမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက်တွင် ၁၉၂ စင်းမြောက်ဖြစ်ပြီး ရခိုင်ပြည်နယ်အနေဖြင့် ၃၃ စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော တံတားဖြစ်သည်။ မအီ–ကျောက်ဖြူလမ်းပေါ်တွင် မအီတံတား အပါအဝင် တံတားကြီး ၁၀ စင်းအနက် ရှစ်စင်းမြောက် ဖွင့်လှစ်ပေးနိုင်ပြီး ကျန်နှစ်စင်းဖြစ်သည့် မင်းကြောင်းချောင်းတံတားမှာ အချောသပ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ၍ ဝန်ဖိုက်တံတားမှာ ပေ ၆၀ နှစ်ခန်းသာ ဆောင်ရွက်ရန်ကျန်ရှိသည်။ ဝန်ဖိုက်တံတားဘေး၌ ရေပေါ်ယာယီတံတား တည်ဆောက်ပေးထားသဖြင့် ကျောက်ဖြူနှင့် ရမ်းဗြဲမှ မအီသို့လည်းကောင်း၊ မအီမှ အခြားပြည်နယ်နှင့် တိုင်းများသို့လည်းကောင်း ရာသီမရွေး အချိန်မရွေး မော်တော်ယာဉ်ဖြင့် အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။

(သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသည့် အဖွဲ့၊ ကော်မတီများမှ အဖွဲ့ဝင်ပညာရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးနှင့် အဖွဲ့ဝင်ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသည့် အဖွဲ့၊ ကော်မတီများမှ အဖွဲ့ဝင်ပညာရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးနှင့် အဖွဲ့ဝင်ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(အေ)ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး အဖွဲ့ဝင်ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေး ပုဂ္ဂိုလ်များနှင့် အကြံပေးအရာရှိများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှဖွဲ့စည်းထားသော အဖွဲ့၊ ကော်မတီများမှ ပညာရှင် ဆရာကြီး၊ ဆရာမကြီးများ၊ အထူးဖိတ်ကြားထားသူများနှင့်ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယခုနှစ်တွင် ဆက်လက်ဆောင်ရွက်ရမည့် အမျိုးသားစာပေဆု၊စာပေဗိမာန်စာမူဆု၊ ပခုက္ကူ ဦးအုံးဖေ စာပေဆုများ စိစစ်ရွေးချယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့၊ ရုပ်ရှင်ဆင်ဆာအဖွဲ့၊ ဗီဒီယိုဆင်ဆာအဖွဲ့တို့၏ လုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ဆက်လက်ပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနကတာဝန်ယူဆောင်ရွက်ရသည့် စာပေအနုပညာဆိုင်ရာ စိစစ်၊ ရွေးချယ်၊ အကဲဖြတ်ရေးလုပ်ငန်းများအတွက် ဖွဲ့စည်းထားသည့် အထက်ပါ အဖွဲ့၊ ကော်မတီများတွင် ပါဝင်သည့် အဖွဲ့ဝင်များမှာ နိုင်ငံ့ဝန်ထမ်းများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ပြင်ပမှပညာရှင် ပုဂ္ဂိုလ်များပါဝင်ကြောင်း။

ယင်းပညာရှင်များ၏ နယ်ပယ် အသီးသီး၌ အတွေ့အကြုံ၊ ဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ ကျွမ်းကျင်မှုစသည့် ပညာဂုဏ်၊ အသက်အရွယ် ကြီးရင့်သော်လည်း ပေးအပ်သောတာဝန်အပေါ် စေတနာထား၍ အပင်ပန်းခံ ကြိုးစားဆောင်ရွက်ခဲ့သော စေတနာနှင့် လုပ်အားဂုဏ်စိစစ်ရွေးချယ် အကဲဖြတ်ရာတွင် မှန်မှန်ကန်ကန် မျှမျှတတနှင့် အဂတိတရားလေးပါး ကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြသည့် သိက္ခာဂုဏ်တို့ကို အလေးအမြတ်ထား၍ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ရခြင်း ဖြစ်ပါကြောင်းဖြင့် အကျယ်တဝင့်ပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးထားသည့် အဖွဲ့၊ ကော်မတီများမှ ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ရာ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့ အဖွဲ့(၁) ကိုယ်စား ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အကြံပေးပုဂ္ဂိုလ် ဦးမြင့်သိန်း၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့ အဖွဲ့(၂)ကိုယ်စားအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ အဖွဲ့(၃) ကိုယ်စား အဖွဲ့ဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ အမျိုးသား စာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီကိုယ်စား ကော်မတီဥက္ကဋ္ဌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကိုယ်စား အဖွဲ့ဒုတိယဥက္ကဋ္ဌ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကိုယ်စား အဖွဲ့ဥက္ကဋ္ဌပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အကြံပေး အရာရှိဦးမျိုးသန့်၊ ခေတ်ဟောင်းတေးရေးပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိမှတ်တမ်း စိစစ်ရေး ကော်မတီကိုယ်စား ဂီတလုလင် ဦးကိုကို၊ မဟာဂီတသီချင်းကြီးရွေးချယ် စိစစ်ရေးအဖွဲ့ကိုယ်စား ဦးစိန်လှမြိုင်၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့ကိုယ်စား အေဝမ်းဦးစိုးမြင့်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုပ်ရှင်ဆင်ဆာ အဖွဲ့ကိုယ်စားအဖွဲ့အတွင်းရေးမှူး ဦးမြင့်သိန်းဖေနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗီဒီယိုဆင်ဆာအဖွဲ့ကိုယ်စား အဖွဲ့အတွင်းရေးမှူး ဦးသိန်းထွန်းအောင်တို့အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပညာရှင် ဆရာ၊ ဆရာမကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော အဖွဲ့၊ ကော်မတီများမှ အဖွဲ့ဝင်ပညာရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးနှင့် အဖွဲ့ဝင်ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာနကဖွဲ့စည်းထားသည့်အဖွဲ့၊ ကော်မတီများမှ အဖွဲ့ဝင်ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ရာ ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ကိုယ်စား အဖွဲ့ဥက္ကဋ္ဌပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအကြံပေး အရာရှိ ဦးမျိုးသန့်အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်စဉ်။

(သတင်းစဉ်)

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ရန်ကင်းမြို့နယ် အထက(၁) သီရိရတနာခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်း ဖတ်ကြားစဉ်။

(၃၅)





အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် လမ်း၅၀ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၂-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၁၀ ၈။ ပညာခေတ်
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ထုံးရယ်မပြယ် (အပိုင်း-၁၃)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပါရမီရှင်သိုင်းလုလင် (အပိုင်း-၁၈)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

၁၅-၂-၂၀၀၆

၀၂:၀၀ ၁။ **English Premier League ဘောလုံးပွဲအစီအစဉ် - Liverpool Vs Arsenal**

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံးက အစဉ်တစိုက် လက်တွဲစောင့်ထိန်း ကာကွယ်သွားကြပါစို့

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ အဖြစ် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရပ်တည်ခဲ့သည့်နိုင်ငံ ဖြစ်သည်။ ရှေးပဝေသဏီကပင် တိုင်းရင်းသား ညီအစ်ကို မောင်နှမများသည် အမိမြေပေါ်တွင် ဥမကွဲသိုက်မပျက် ချစ်ကြည်ရင်းနှီးစွာဖြင့် နေထိုင်လာခဲ့သော အစဉ်အလာကောင်းများနှင့်အညီ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို အခြေပြု၍ အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

ယနေ့ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ မြေသယံဇာတ၊ ရေသယံဇာတများကို အခြေခံပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါလည်း ဖြစ်သည်။

ထိုသို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများနှင့် လက်တွဲဆောင်ရွက်ခဲ့သဖြင့် ယနေ့အချိန်အခါတွင် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရပေပြီ။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဘက်စုံထောင့်စုံမှ ဆောင်ရွက်ပေးခဲ့မှုကြောင့် ပြည်သူတို့၏ဘဝ တည်ငြိမ်အေးချမ်းမှု၊ အထူးသဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ သိသာထင်ရှား စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

မောင်ချစ်ကြည်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်အစိုးရက နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့သည့် အချိန်မှစတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုကြောင့် တိုင်းရင်းသား လူမျိုးများအကြား ယုံကြည်မှု၊ စည်းလုံးညီညွတ်မှုများကို ပိုမိုဖြစ်ထွန်း စေခဲ့သည်။

ယခုအခါတွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအကြား၊ တိုင်းရင်းသားပြည်သူအချင်းချင်းအကြား ပြည်တွင်းပြည်ပ အဖျက်သမားများက မီဒီယာများကို အဖျက်လက်နက်သဖွယ် အသုံးပြုကာ သွေးထိုးသပ်လျှို ရန်လိုလျက်ရှိရာ ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေး စိတ်ဓာတ်တို့ဖြင့် ကြံ့ကြံ့ခိုင် ကာကွယ်တားဆီးရန်လည်း ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။

မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် သူ့ကျွန်ဘဝ ရောက်ခဲ့ရသည့် နှစ်ပေါင်း ၁၀၀ ကျော် ကာလအတွင်း ကိုလိုနီ နယ်ချဲ့တို့က တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ သံသယစိတ်ပွားများအောင်၊ တစ်ဦးနှင့်တစ်ဦး အထင်အမြင် လွဲမှားအောင် ပြည်နယ်ပြည်မ သွေးခွဲအုပ်ချုပ်ကာ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိရန်အတွက်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားညီအစ်ကိုများက တစုတစည်းတည်း ရှိကြောင်း၊ ပြည်နယ်ပြည်မ ခွဲခြားမှုမရှိကြောင်း ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်နေ့၌ ပင်လုံစာချုပ်ချုပ်ဆိုပြီး လက်တွေ့ပြသခဲ့သဖြင့် ၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ရက်၌ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် ခိုင်မာစွာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ယနေ့ကာလ၌ နိုင်ငံတော်က တိုင်းရင်းသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်ပေးလျက်ရှိရာ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ အနေဖြင့် မကြုံစဖူး ထူးထူးကဲကဲ စည်းလုံးညီညွတ်မှုရရှိနေသည့် အချိန်အခါလည်း ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါး ကို ချမှတ်ပြီး နိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာ ဒို့တာဝန်အရေး သုံးပါးသည် တိုင်းရင်းသားတိုင်း၊ နိုင်ငံသားတိုင်း အစဉ်အမြဲ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးမှာ အမျိုးသားရေးတာဝန်ပင် ဖြစ်ပေသည်။

ထို့အတူ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရန်အတွက် တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်မှုဖြင့် တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရန်၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ဖွံ့ဖြိုးနေစေရန်လည်း ပြည်သူတစ်ရပ်လုံးက သမိုင်းပေးတာဝန်အဖြစ် ဦးလည်မသုန် ခိုင်ကျည်သောစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး တစ်ဆက်တစ်စပ်တည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်ပယ်ကဏ္ဍစုံ တွင် စနစ်တကျ စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။ ယင်းသို့ အကောင်အထည်ဖော်ရာ၌ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး စသည့် စီးပွားရေးလုပ်ငန်းများ တိုးတက်မြင့်မားလာစေရန်အတွက် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ၊ လေယာဉ်ကွင်းများ၊ လျှပ်စစ်နှင့်စွမ်းအင်စီမံကိန်းများကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အကျိုးစီးပွားအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် နယ်စပ်ဒေသများအပါအဝင် ဝေးလံခေါင်ဖျားဒေသများနှင့် ကျေးလက်ဒေသများ၌ အခြေခံပညာကျောင်းများ၊ ဆေးရုံနှင့် ဆေးပေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနများအပါအဝင် ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေး အခြေခံလိုအပ်ချက်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးထားသည့်အပြင် ပြည်နယ်နှင့်တိုင်း ၁၄ ခု၌ ဖြန့်ကြက်ထူထောင်ထားသော ဖွံ့ဖြိုးရေး အထူးဒေသကြီးများ တွင်လည်း အထူးကုဆေးရုံများ၊ တက္ကသိုလ်ကောလိပ်များ၊ နည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်များကို တည်ဆောက်ပေးထားခြင်းမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများအပေါ် ထားရှိသည့် နိုင်ငံတော်၏စေတနာများပင် ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာစေရေးကို ရှေးရှုပြီး နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းပပျောက်ရေးကို နိုင်ငံတော်က မူဝါဒတစ်ရပ် အဖြစ်ထားရှိပြီး စနစ်တကျစီမံကိန်းများ ချမှတ်အကောင်အထည် ဖော်ပေးလျက်ရှိသည့်အတွက် နယ်စပ်ဒေသများအပါအဝင် ကျေးလက် ဒေသများ၏တည်ငြိမ် အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများသည် မည်သည့်ခေတ် မည်သည့်ကာလများနှင့်မျှ မနှိုင်းယှဉ်သာအောင် အောင်မြင်ဖြစ်ထွန်းလျက်ရှိနေပေပြီ။

ထို့ကြောင့် ယနေ့အချိန်ကာလသည် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားအပြည့်အဝဖြင့် မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘိုးဘွားအမွေဖြစ်သောပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် လက်တွဲညီညီ ကြိုးပမ်းသွားရမည့် အချိန်အခါကောင်းကို ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စည်းလုံးညီညွတ် စုစည်းခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရ ခိုင်မြဲနေစေရန်အတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တိုင်းရင်းသားလူမျိုးအားလုံး၏ စည်းလုံးညီညွတ်မှု၊ တန်းတူရည်တူရှိမှု၊ မျှတစွာဖွံ့ဖြိုးတိုးတက်မှု၊ အစဉ်ထာဝရပေါင်းစည်းလက်တွဲမှုတို့ကို ရေရှည်အာမခံနိုင်မည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရန်လည်း စနစ်တကျ ဖော်ဆောင်ပေးလျက်ရှိသည်။

ယင်းသို့ ဖော်ဆောင်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးက တစ်စိတ်တစ်ဝမ်းတည်း ညီညီညွတ်ညွတ်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ရာ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုဖြင့် ရရှိခဲ့သော လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးရန် ကာကွယ်ရေးတွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၌ တာဝန်ရှိသကဲ့သို့ ပြည်ထောင်စုမပြိုကွဲရေးအတွက်လည်း စောင့်ထိန်းရမည့် တာဝန်ရှိနေပေသည်။

ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲပြီးတိုးတက်ဖွံ့ဖြိုးနေစေရန် အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးတွင် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရှင်သန်ဖြစ်ထွန်းနေစေရန် လိုအပ်ပေသည်။**ပြည်ထောင်စုစိတ်ဓာတ် ဆိုသည်မှာလည်း နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်အူထုံ့ဆင်း တိုင်းရင်းသားလူမျိုးအချင်းချင်း မရှိအတူ ရှိအတူ အေးအတူပူအမျှ ခင်မင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်သည်။**

ထို့အတူ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီးပြုလုပ်နေသည့် ပြည်ပအန္တရာယ်များကိုလည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရမည် ဖြစ်ပေသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို စတင်အကောင်အထည် ဖော် ဆောင်ရွက်နိုင်ခဲ့သည့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ကို

ယနေ့ကာလ၌ နိုင်ငံတော်က တိုင်းရင်းသား စည်းလုံးညီညွတ်မှုစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်ပေးလျက်ရှိရာ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့အနေဖြင့် မကြုံစဖူး ထူးထူးကဲကဲ စည်းလုံးညီညွတ်မှု ရရှိနေသည့် အချိန်အခါလည်းဖြစ်သည်။

ရှမ်းပြည်နယ်၏ ဖွံ့[...]

အမျိုးအမည်	[...]
စိုက်ပျိုး/မွေးမြူရေး	
-စိုက်ပျိုးမြေ(ဧက)	၂၃[...]
-ဆည်မြောင်း၊တာတမံ	
-မြစ်ရေတင်လုပ်ငန်း	
-မိုးစပါးစိုက်(ဧက)	၈၃[...]
-နွေစပါးစိုက်(ဧက)	
-ဆီထွက်သီးနှံစိုက်(ဧက)	၁၀[...]
-ငါးမွေးမြူရေးကန်(ဧက)	
သစ်တောပြုစုပျိုးထောင်မှု	
-ကြိုးဝိုင်းတော(စတုရန်းမိုင်)	
-သဘာဝသစ်တောဧရိယာ (စတုရန်းမိုင်)	
-သစ်တောစိုက်ခင်း(ဧက)	
လမ်းပန်းဆက်သွယ်ရေး	
-ကားလမ်း(မိုင်)	
-ရထားလမ်း(မိုင်)	
-သံလမ်း(မိုင်)	
-ဘူတာရုံ	
-ပေ ၁၈၀ အထက်တံတား	
-ပေ ၁၈၀ အောက်တံတား	
စက်မှုဖွံ့ဖြိုးမှု	
-စက်မှုဇုန်များ	
-အိမ်တွင်းစက်မှုလက်မှု	
လျှပ်စစ်စွမ်းအား	
-ရေအားလျှပ်စစ်စက်ရုံ	
-ဓာတ်အားသုံးစွဲမှုယူနစ်(သန်း)	
ပညာရေး	
အခြေခံပညာကျောင်းအင်အား	
-မူလတန်းကျောင်း	
-အလယ်တန်းကျောင်း	
-အထက်တန်းကျောင်း	
-ဆရာ၊ဆရာမဦးရေ	၁[...]
-ကျောင်းသားဦးရေ	၃၄[...]
အဆင့်မြင့်ပညာအဆင့်	
-တက္ကသိုလ်	
-ဒီဂရီကောလိပ်	
-ကောလိပ်	
-အစိုးရကွန်ပျူတာကောလိပ်	
-အစိုးရနည်းပညာကောလိပ်	
ကျန်းမာရေး	
-ဆေးရုံ	
-ကျေးလက်ကျန်းမာရေးဌာန	
ဆက်သွယ်ရေး	
-စာတိုက်စခန်း	
-ကြေးနန်းရုံး	
-တယ်လီဖုန်းရုံး	
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး	
-ရုပ်မြင်သံကြား	
-ထပ်ဆင့်လွှင့်စက်ရုံ	
-ကိုယ့်အားကိုယ်ကိုး	
-ကျေးရွာစာကြည့်တိုက်	
-ကိုယ်ပွားသတင်းစာတိုက်	

ပြည်ထောင်စုနေ့အဖြစ် နိုင်ငံတော်က [...]
ရရှိရန် သန္နိဋ္ဌာန်ချခဲ့သည့်နေ့ဖြစ်သ[...]
နေ့မြတ်အဖြစ် သတ်မှတ်ပေးခဲ့ခြင်း[...]

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့[...]
ချက်ငါးရပ် ချမှတ်ပေးခဲ့သည်။ ယင်[...]

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ [...] မပြိုကွဲရေးနှင့် အချုပ်အခြ[...] ဟူသောအမျိုးသားရေးမူဝါဒ[...] အားလုံး စောင့်ထိန်းကာက[...]

(၂) တိုင်းရင်းသားပြည်သူများအ[...] ထာဝစဉ် ရှင်သန်ထွန်းကာ[...]

(၃) ပြည်ထောင်စုကြီး ထာဝရတ[...] ရင်းသားအားလုံးက တက်[...] ရေး၊

(၄) နိုင်ငံတော်တည်ငြိမ်အေးချ[...] တို့အား နှောင့်ယှက်ဖျက်ဆီ[...]

ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ

အမျိုးအမည်	၁၉၈၈	၂၀၀၆	တိုးတက်မှု
စိုက်ပျိုး/မွေးမြူရေး			
–စိုက်ပျိုးမြေ(ဧက)	၂၃၁၄၂၄၃	၃၀၇၃၀၄၁	၇၅၈၇၉၈
–ဆည်မြောင်း၊တာတမံ	၃၆	၈၂	၄၆
–မြစ်ရေတင်လုပ်ငန်း	–	၃	၃
–မိုးစပါးစိုက်(ဧက)	၈၃၄၁၇၆	၁၆၁၀၇၇၈	၇၇၆၆၀၂
–နွေစပါးစိုက်(ဧက)	–	၃၉၂၄၇	၃၉၂၄၇
–ဆီထွက်သီးနှံစိုက်(ဧက)	၁၀၀၇၅၄	၃၁၁၈၂၀	၂၁၁၀၆၆
–ငါးမွေးမြူရေးကန်(ဧက)	–	၃၅၃၇	၃၅၃၇
သစ်တောပြုစုပျိုးထောင်မှု			
–ကြိုးဝိုင်းတော(စတုရန်းမိုင်)	၃၄၀၄	၁၀၁၇၄	၆၆၇၀
–သဘာဝသစ်တောဧရိယာ (စတုရန်းမိုင်)	၃၀၀	၆၃၄	၃၃၄
–သစ်တောစိုက်ခင်း(ဧက)	၃၀၀	၁၅၈၁၂၉	၁၅၇၈၂၉
လမ်းပန်းဆက်သွယ်ရေး			
–ကားလမ်း(မိုင်)	၄၀၇၇	၄၅၂၉	၄၅၂
–ရထားလမ်း(မိုင်)	၁၆၈	၄၆၉	၃၀၁
–သံလမ်း(မိုင်)	၁၈၆	၅၀၁	၃၁၅
–ဘူတာရုံ	၂၅	၉၅	၇၀
–ပေ ၁၈၀ အထက်တံတား	၂၄	၄၀	၁၆
–ပေ ၁၈၀ အောက်တံတား	၆၅၅	၉၈၁	၃၂၆
စက်မှုဖွံ့ဖြိုးမှု			
–စက်မှုဇုန်များ	–	၁	၁
–အိမ်တွင်းစက်မှုလက်မှု	–	၂၈	၂၈
လျှပ်စစ်စွမ်းအား			
–ရေအားလျှပ်စစ်စက်ရုံ	၃	၁၅	၁၂
–ဓာတ်အားသုံးစွဲမှုယူနစ်(သန်း)	၂၄	၃၂၉	၃၀၅
ပညာရေး			
အခြေခံပညာကျောင်းအင်အား			
–မူလတန်းကျောင်း	၃၂၉၂	၄၂၄၂	၉၅၀
–အလယ်တန်းကျောင်း	၁၆၁	၂၃၄	၇၃
–အထက်တန်းကျောင်း	၅၉	၂၀၀	၁၄၁
–ဆရာ၊ဆရာမဦးရေ	၁၁၃၉၉	၂၂၃၃၇	၁၀၉၃၈
–ကျောင်းသားဦးရေ	၃၄၇၈၇၈	၆၈၅၅၃၄	၃၃၇၆၅၆
အဆင့်မြင့်ပညာအဆင့်			
–တက္ကသိုလ်	–	၂	၂
–ဒီဂရီကောလိပ်	၁	၂	၁
–ကောလိပ်	၁	၁	–
–အစိုးရကွန်ပျူတာကောလိပ်	–	၄	၄
–အစိုးရနည်းပညာကောလိပ်	–	၄	၄
ကျန်းမာရေး			
–ဆေးရုံ	၈၇	၁၃၅	၄၈
–ကျေးလက်ကျန်းမာရေးဌာန	၁၁၄	၂၁၁	၉၇
ဆက်သွယ်ရေး			
–စာတိုက်စခန်း	၁၀၁	၁၅၇	၅၆
–ကြေးနန်းရုံး	၃၁	၈၇	၅၆
–တယ်လီဖုန်းရုံး	၂၇	၁၂၄	၉၇
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး			
–ရုပ်မြင်သံကြား			
–ထပ်ဆင့်လွှင့်စက်ရုံ	၁	၇၈	၇၇
–ကိုယ့်အားကိုယ်ကိုး			
–ကျေးရွာစာကြည့်တိုက်	–	၄၀၈၉	၄၀၈၉
–ကိုယ်ပွားသတင်းစာတိုက်	–	၃	၃

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော

ရှမ်းပြည်နယ်

ရှမ်းပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အရှေ့ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၆၀၁၅၅ကျယ်ဝန်းသည်။ ရှမ်းတိုင်းရင်းသားများနှင့် အတူ ကချင်၊ကိုးကန့်၊ တောင်ရိုး၊ ခနု၊ ပလောင်၊ ပအိုဝ်း၊ ဗမာ၊ လီဆူး၊ ဝ၊ အခါနှင့် အင်းသား စသည့် တိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ် တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိ လူဦးရေ ၅၂၆၃၀၀၀ခန့် ရှိသဖြင့် ပျှမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၈၈ဦး ဖြစ်သည်။

ကုန်းပြင်မြင့်ဒေသတွင် တည်ရှိနေသော ပြည်နယ်ဖြစ်သည်။ ပျှမ်းမျှပေ ၃၀၀၀ ခန့် မြင့်သော တောင်တန်းများသည် အများအားဖြင့် မြောက်ဘက်မှ တောင်ဘက်သို့ သွယ်တန်းနေကြသည်။ အချို့တောင်တန်းများမှာ ပေ ၇၀၀၀ ကျော်အထိ မြင့်သည်။ တောင်တန်းများ အကြားတွင် ဟဲဟိုး၊ သီပေါ၊ ကျိုင်းတုံ စသည့် ချိုင့်ဝှမ်းလွင်ပြင်များလည်းရှိသည်။ သံလွင်မြစ်သည် မြောက်မှ တောင်သို့ ဖြတ်သန်းစီးဆင်းနေပြီး မြစ်လက်တက်များ ပေါများသည်။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ယူနေရသည့် ကာလအတွင်းတွင် အေးအေးချမ်းချမ်း ညီညီညွတ်ညွတ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာအောင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို မဏ္ဍိုင်ပြုကာ ပြည်နယ်နှင့်တိုင်း အသီးသီး၌ ဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများကို တည်ဆောက်မြှင့်တင်ပေးခဲ့သည်။

ဤသို့ စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံတော်သစ်ဆီသို့ ချီတက်ကြရာတွင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများမှာ တောင်ပေါ်မြေပြန့် တစ်သားတည်းဖြစ်ထွန်းလာသည်။

တိုင်းရင်းသား ညီနောင်များ တက်ညီလက်ညီ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်မှု ရရှိလာသော ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ၁၉၈၈ ခုနှစ် မတိုင်မီကာလနှင့် မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်မှုများ ပါရှိသည့် ဖော်ပြပါ ဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် တွေ့ရှိနိုင်ပေသည်။ ။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် တိုင်းရင်းသားလူငယ်များ ပညာရည်မြင့်မားရေးအတွက် ဖွင့်လှစ်ပေးခဲ့သည့် အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ)ကို တွေ့ရစဉ်။

ဒို့ပြည်ထောင်စု မြန်မာပြည်

❒ သန်းပေါင်းလေးဆယ်၊ နှစ်ဝယ်ရှည်ကြာ
မြန်မာတို့မြေ၊ စခဲ့ပေ၏
ခြေခြေမြစ်မြစ်၊ ကျောက်ခေတ်လူသား
နေထိုင်သွားကြောင်း၊ ထင်ရှားပုံဆောင်
ပုံတောင်ရုပ်ကြွင်း၊ သက်သေနှင်းသည်
ငြင်း၍မရ၊ ခိုင်မာလှသော
မြန်မာ့မြေကား၊ အံ့ဖွယ်တကား။

❒ အနော်ရထာ၊ ဘုရင့်နောင်၊ ဦးအောင်ဇေယျ
မြန်မာ့မြေဖွား၊ ပြည်ချစ်သားတို့
ထင်ရှားဂုဏ်ရည်၊ စုစည်းတည်ခဲ့
ပြည်မြန်မာအား၊ နယ်ချဲ့များက
မျိုဝါးတစ်ခေတ်၊ သူ့ကျွန်ဖြစ်ခဲ့
သို့ဖြစ်ပေငြား၊ တိုင်းရင်းသားတို့
အားမာန်ကိုယ်စီ၊ ဓားလှံကိုယ်စီ
ညီနောင်ထုအရေး၊ ပြည်ထောင်စုသွေး
စွေးစွေးနီစွာ၊ တိုက်ထုတ်ပါမှ
မြန်မာလွတ်လပ်
ထွတ်မြတ်ပြည့်ဂုဏ်၊ သင်းပျံ့ထုံသည်
ပင်လုံစိတ်ဓာတ် အခြေခံတကား။

❒ ယနေ့အခါ ပြည်မြန်မာသည်
ညီညာလက်တွဲ၊ သွေးမကွဲတော့
သွေးခွဲလာမူ၊ ဘယ်သူဖြစ်ဖြစ်၊ ချေမှုန်းပစ်မည်
ချစ်မြတ်နိုးညီ၊ အားလုံးသည်လျှင်
"ဤပြည်ထောင်စု"
"ဤအချုပ်အခြာအာဏာ"
"ဤတိုင်းရင်းသားစည်းလုံးညီညွတ်ရေး"
ခိုင်မြဲရေးသာ၊ တွေးလျက်ပြည်သူ
အခြေခံမူ၌
အတူမျှရည် မျှော်မှန်းသည်။
လမ်းစဉ် ခုနစ်ရပ် ဖော်ဆောင်မည်။
ဒို့ပြည်ထောင်စု မြန်မာပြည်။
ဉမကွဲ သိုက်မပျက် ချီတက်မည်။ ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်...

မြင်းမူမောင်နိုင်မိုး

ရွှေမြန်မာသတင်းစာပေနှင့် စီးပွားအထူးထုတ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရွှေမြန်မာသတင်းစာပေနှင့် စီးပွားအတွဲ(၂)၊ အမှတ်(၆) အထူးထုတ်ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ ဂျာနယ်တွင် ပြည်တွင်းပြည်ပသတင်းများ၊ သတင်းဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ အစိမ်းရောင် ဝက်များ တရုတ်(တိုင်ပေ) သားဖောက်၊ အမေရိကန်တို့ ဗီယက်နမ်တွင် ဓာတုဆေးမှုန့်များကြဲချခဲ့၊ အီရတ်သာယာရေးရောင်ခြည်၊ နီပေါ ငြိမ်းချမ်းရေး၊ ကမ္ဘာ့အသက်အကြီးဆုံးမိခင် (၆၇)နှစ်တွင် သမီးလေးဖွားမြင် သတင်းများ ပါဝင်သည်။

ထို့ပြင် ဂျပန်ဆက်ဆံရေးနှင့် တရုတ်စစ်အသုံးစရိတ်၊ ပစ်နှင့်ဂျိုလီဘာလေး မွေးမလဲ၊ ကောင်းမှကောင်းတဲ့ ဆန်လုံးညို၊ တန်ဖိုးကြီးအာဂင်သစ်တော၊ ကိုလံဘတ်က အရင်လော၊ ကျန်ဟီကအရင်လော၊ မောင်စေတနာ၏ တစ်ဖက်သတ်အမြင်တွေကိုပြင်၊ ဒေါက်တာခင်မောင်ညို၏ လူတွေကို ဘာတွေကလွှမ်းမိုး၊ စင်ရော်မောင်မောင်အတွက် အောင်မြင်မှု အထွတ်အထိပ်၊ စန္ဒာထွန်း၏ မပြေးနဲ့ လမ်းလျှောက်ပါ၊ အားကစားသမား ဖေယျာသူရိယ၊ ပြောင်ပြောင်တင်းတင်း အာခံနေတဲ့အီရန်၊ အင်တာနက်ခေတ်နှင့် လူငယ်ပြဿနာ၊ သာရဝေါစိုးကြည်၏ ဘဝဟူသည် ရှန်းကန်လှုပ်ရှားရမည်၊ မောင်သန်းဝင်း(ရန်ကုန်တက္ကသိုလ်)၏ ကျန်းမာသက်ရှည် နေနိုင်စေ စသည့် သတင်းဆောင်းပါးများ စုံလင်စွာ ပါရှိသည်။ (က–ပ)

ပြည်ထောင်စုနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ထားရာ လွတ်လပ်ရေးရရှိရန် သန္နိဋ္ဌာန်ချခဲ့သည့်နေ့ဖြစ်သည်နှင့်အညီ အထင်ကရ နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အတွက် အမျိုးသားရေးဦးတည်ချက်ငါးရပ် ချမှတ်ပေးခဲ့သည်။ ယင်းတို့မှာ–

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးဟူသောအမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

(၅) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

တို့ဖြစ်ပေသည်။

သို့ဖြစ်ပေရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲစေရန်နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန်တို့အတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ စည်းလုံးခြင်း အင်အားကို ဖော်ညွှန်းပြီး သမိုင်းအစဉ်အလာကြီးမားသည့် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံးက အတူတကွ လက်တွဲစောင့်ထိန်း ကာကွယ်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက်	–	၈–၂–၂၀၀၆ မှ ၁၆–၂–၂၀၀၆
အချိန်	–	နံနက်၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀နာရီ
နေရာ	–	တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်)

✳ **လူငယ်များမှ**

နိုင်ငံ့သားကောင်း အရည်အချင်း၊ ကျွမ်းကျင်မှုအရည်အသွေးများ ပြည့်စုံရရှိမည်ဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသင်းဝင်များသည် ကဏ္ဍစုံ၊ နယ်ပယ်စုံက ပါဝင်ဆောင်ရွက်နေကြခြင်းဖြစ်သည့်အတွက် အရည်အသွေး၊ အရည်အချင်း မြင့်မားနေရမည်ဖြစ်ကြောင်း၊ အရည်အသွေး၊ အရည်အချင်းပြည့်ဝသည့် နိုင်ငံ့သားကောင်းများကသာ နိုင်ငံတော်ကို ကာကွယ်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

ဆွေးနွေးပို့ချ

သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများဖွင့်လှစ်ပြီး အမျိုးသားရေးစွမ်းရည်မြင့်မားရေးအတွက် ယုံကြည်ချက်၊ ခံယူချက်ခိုင်မာရေး၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးရေး၊ အမျိုးသားရေးလက္ခဏာများ ထိန်းသိမ်းရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေး မြင့်မားရေးအတွက် အသိပညာ၊ အတတ်ပညာ၊ သက်မွေးဝမ်းကျောင်းပညာ၊ ခေတ်မီနည်းပညာများ ဆွေးနွေးပို့ချနေခြင်းဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကလိုအပ်ချက်များဖြစ်ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးစားပေး တည်ဆောက်ခဲ့သည့်အတွက် အေးချမ်း တည်ငြိမ်မှုများရရှိနေပြီဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ခံယူ၍ ဦးတည်ချက် (၁၂)ရပ်အတိုင်း အစိုးရ၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းဆောင်ရွက်နေသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများလည်း ရရှိနေပြီဖြစ်ကြောင်း။

အင်တိုက်အားတိုက်

ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး ဦးတည်ချက်(၁၂)ရပ်အတိုင်း အစိုးရ၊ ပြည်သူ၊ တပ်မတော်ပူးပေါင်းပြီး ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်နှင့် ဆောင်ရွက်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု အခြခံကောင်းများလည်း ရရှိနေပြီဖြစ်၍ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအနေနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့် အမျိုးသားညီလာခံကို ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ဆောင်ရွက်နေကြောင်း၊ အမျိုးသားညီလာခံကြီးသည် ပြည်သူကို ကိုယ်စားပြုသည့် လူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသားပေါင်းစုံ ကိုယ်စားလှယ်များပါဝင်ပြီး လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းတိုင်ပင်ထုတ်ဖော်တင်ပြနေသည့် စစ်မှန်သည့်၊ ပြည်သူကိုကိုယ်စားပြုသည့် ညီလာခံကြီးဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်အပြည့်နှင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ရက်သတ္တရှစ်ပတ်

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသား သင်တန်းသူ ၅၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

● **အမှတ်(၁)မှ**

လုပ်ငန်းများ၊ ဂွမ်းစောင်များ ရက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံမှ ထုတ်လုပ်ထားသော နေကြာပန်းတံဆိပ် တစ်ထပ်ဂွမ်းစောင်များကို ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ထုတ်လုပ်သွားရေး မှာကြားသည်။

ဆွေးနွေးမှာကြား

ယင်းနောက် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရှေ့ဆက်လက် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်းပိုင် စက်ရုံသို့ ရောက်ရှိပြီး မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကုန်ထုပ်စက္ကူစက်ရုံ၏ စက်များတပ်ဆင်မည့် နေရာ၊ စက်ရုံ၏ နေရာအကျယ်အဝန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်အကောင်အထည်ဖော် ဆောင်ရွက်သွားရေးမှာကြားသည်။

ယင်းနောက် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွှန့်အောင်က စက်များ တပ်ဆင်မည့် အခြေအနေ၊ ကုန်ထုတ်လိုင်းများထားရှိမည့်နေရာများကို တည်နေရာပြမြေပုံများဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဖိနပ်စက်ရုံ အမှတ်(၁) စက်ရုံခွဲ(ဖော့ကန်)သို့ ရောက်ရှိကာ ယင်းစက်ရုံအတွင်း ဖွင့်လှစ်ထားသော ဝင်းသူဇာအရောင်းဆိုင်ရှိ စက်မှု(၁) ထုတ်ကုန်ပစ္စည်းများ ရောင်းချမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် စွပ်ကျယ်စက်ရုံခွဲသို့ ရောက်ရှိပြီး စွပ်ကျယ်များ ရက်လုပ်ခြင်းလုပ်ငန်းများ၊ စွပ်ကျယ်စက်မှ ရက်လုပ်ပြီးစွပ်ကျယ်စများ၊ ချည်ငင်စက်များကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း လိုအပ်ချက်များကို မှာကြားခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် နှစ်ဖက်သော မိဘများအား အမျှထား၍ ဦးသန်းထွန်း(ခ)မောင်ဆိုင် – ဒေါ်သန်းသန်းဦး၊ သား–မောင်ဝေဦးဆိုင် မိသားစုတို့က အလှူငွေ ကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ရွှေကျီးဒေါ်သန်းသန်းညွှန့်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ

ကျေးလက်ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်

ခြံစည်းရိုး ကြက်ဆူဆီသည် လောင်စာဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးရာတွင် လည်းကောင်း၊ ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားရေးအတွက်လည်းကောင်း လောင်စာစွမ်းအင်ကဏ္ဍ၏ အရေးပါသော လုပ်ငန်းတစ်ရပ်အဖြစ် ပါဝင်လာသည်။

ခြံစည်းရိုးကြက်ဆူပင်၏ အသီးမှည့်နှင့် အစေ့များတွေ့ရစဉ်။

အရေးပါသောကဏ္ဍက

ယခုအခါ ခြံစည်းရိုးကြက်ဆူပင်၏ အသုံးဝင်ပုံကို ပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာကြသဖြင့် နိုင်ငံတစ်ဝန်း တိုးချဲ့စိုက်ပျိုးနေကြပြီဖြစ်သည်။ ယင်းသို့ စိုက်ပျိုးရာတွင် ကုန်ကျစရိတ် နည်းပါးသည့်အပြင် အပင်ပြုစုရမှု အနည်းဆုံးဖြင့် စိုက်ပျိုးနိုင်သည်။

မှန်ကန်သည့်စိုက်နည်းစနစ်

မျိုးစေ့တစ်ပြည်တွင် အစေ့ပေါင်း ၁၂၀၀ ခန့်ပါရှိသည်။ တစ်ဧကစိုက်လျှင် စိုက်ကျင်း ၁၂၀၀ ရှိသည်။ တစ်ကျင်းလျှင် မျိုးစေ့ နှစ်စေ့နှုန်းဖြင့် မျိုးစေ့ ၂၄၀၀(နှစ်ပြည်) လိုအပ်သည်။ ပျိုးအိတ် တစ်အိတ်လျှင် တစ်စေ့ပျိုးရန်ဖြစ်သည်။ အစိုဓာတ် လုံလောက်စွာ ရရှိပါက ၁၀ ရက်ကြာလျှင် အပင်ပေါက်သည်။ အပင်ပေါက်ပြီး သုံးပတ်အတွင်း တစ်ပင်ချန်၍ ကြံ့လှီသောအပင်ကို နုတ်ပစ်ရမည်။

ကိုင်းဖြတ်မျိုးပွားရာတွင် ကိုင်းဖြတ်ကို တိုက်ရိုက် စိုက်ပျိုးနိုင်သည်။ မိုးများလျှင် ကိုင်းပုပ်တတ်၍ မိုးနှောင်းပိုင်း၌ စိုက်ပျိုးသင့်သည်။ ကြိုတင်ပျိုးထောင်ရာတွင် ကိုင်းဖြတ်များကို စပ်မြေထည့်ထားသော ပျိုးအိတ်၌ ပျိုးထောင်နိုင်သည်။ ပျိုးထောင်ပြီး နှစ်လသားတွင် ရွှေ့ပြောင်း စိုက်ပျိုးနိုင်သည်။ ဓာတ်ခွဲခန်းတွင် အပင်တစ်သျှူးမျိုးပွားနည်းဖြင့်လည်း ဆောင်ရွက်နိုင်သည်။ မျိုးစေ့သန္ဓေလောင်းနှင့် အဖူးမှ တစ်သျှူးမျိုးပွားနိုင်သည်။

ရက်ပေါင်း ၁၇၂ ရက်အတွင်း တစ်သျှူးမျိုးပွား မျိုးစေ့ ၁၂၀၀ မှ ပျိုးပင်သုံးသန်းခွဲကျော်ရရှိနိုင်သည်။

ပွင့်ချိန်၊ သီးချိန်နှင့် အထွက်နှုန်း

ခြံစည်းရိုးကြက်ဆူပင်သည် နှစ်ရှည်ပင် တစ်မျိုးဖြစ်ပြီး အပင်အမြင့်မှာ ခြောက်ပေမှ ၁၈ ပေ အမြင့်ခန့်အထိ ရှိတတ်သည်။ စိုက်ပြီး တစ်နှစ်ခန့်အကြာတွင် အစိမ်းရောင်သန်းသည့် ပန်းခိုင်၊ အဝါရောင်သန်းသည့် ခေါင်းလောင်းပုံသဏ္ဌာန်ရှိသော အပွင့်များပွင့်သည်။ ပထမအကြိမ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ လများတွင် ပန်းပွင့်ပြီး မေလ၌ အသီးရရှိသည်။ ဒုတိယအကြိမ် ဩဂုတ်၊ စက်တင်ဘာလများတွင် ပန်းပွင့်ပြီး နိုဝင်ဘာ၊ ဒီဇင်ဘာလများ၌ အသီးတစ်ကြိမ် ထပ်မံရရှိသည်။

ခြောက်နှစ် မှ နှစ် ၃၀

အသီးသည်လုံးဝိုင်း၍ အစိမ်းရောင်ရှိသည်။ ရင့်မှည့်ပါက အဝါရောင်မှ အမည်းရောင်သို့ ပြောင်းသွားသည်။ ပင်စည် တွင် အခိုင်လိုက်သီး၍ သီးခိုင်တစ်ခိုင် တွင် ငါးလုံးမှ ၁၀ လုံးအထိ ရှိသည်။ အပင်သက်တမ်းသည် နှစ် ၅၀ အထိ ရှိသည်။ အသီးအထွက်မှာ ခြောက်နှစ်မှ နှစ် ၃၀ အထိ ကောင်းမွန်သည်။ နောက်ပိုင်းတွင် အထွက်နှုန်း တဖြည်းဖြည်း လျော့နည်းလာသည်။

တစ်နှစ်ပတ်လုံးပွင့်နိုင်၊ သီးနိုင်

ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရာတွင် ရေများစွာ မလိုသော်လည်း ခြောက်သွေ့ချိန်တွင် တစ်လလျှင် တစ်ကြိမ် နှစ်ကြိမ် ရေပေးသွင်းသင့်သည်။ ရေလုံလောက်စွာ ရရှိပါက တစ်နှစ်ပတ်လုံး ပန်းပွင့်၍ အသီးသီးနိုင်သည်။ စိုက်ခင်းစတင်ပြင်ဆင်ချိန်တွင် ပေါင်းမြက် ကင်းစင်ရန် လိုသည်။ အပင်သက်တမ်း သုံးလနှင့် လေးလတွင် ခေါင်နှိမ်ကိုင်းဖြတ်ပေးခြင်းဖြင့် ဘေးကိုင်းများဖြာထွက်ကာ အသီးအထွက်နှုန်း တိုးစေပြီး ဆွတ်ခူးရလည်း လွယ်ကူစေမည်ဖြစ်ပေသည်။ ။

ရခိုင်သဟာယအသင်းနှင့် ရခိုင်အမျိုးသမီးအသင်း ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်မြို့ ရခိုင်သဟာယအသင်းနှင့် ရခိုင်အမျိုးသမီးအသင်းတို့ ပူးပေါင်းကျင်းပသည့် ပညာရည်ချွန်ဆုနှင့်ထူးချွန်ဆုများ ချီးမြှင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် ရွှေတိဂုံအရှေ့ဘက်မုခ်ရှိ ရခိုင်ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါဆုချီးမြှင့်ပွဲသို့ ရခိုင်သဟာယအသင်းနှင့် ရခိုင်အမျိုးသမီးအသင်းတို့မှ နာယကကြီးများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ အစီအစဉ်အရ ရခိုင်သဟာယအသင်း နာယက ဦးမင်းကြည်၊ ရခိုင်အမျိုး သမီးအသင်း နာယက ဒေါ်မေကြည်၊ ရခိုင်သဟာယအသင်းဥက္ကဋ္ဌ ဦးအောင်ရွှေဦးနှင့် ရခိုင်အမျိုးသမီးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်တို့က အမှာစကား အသီးသီးပြောကြားပြီး ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ရခိုင်ပြည်နယ်မှ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသော ကျောင်းသား၊ ကျောင်းသူများ၊ ဂုဏ်ထူးရရှိကြသော အသင်းဝင်များ၏ သားသမီးများနှင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ နိုင်ငံတကာ ကလေးပန်းချီပြိုင်များတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄–၂–၂၀၀၆ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ဝါသနာရှင်စင်မြင့်(၃) (ဥက္ကာမင်းမောင်၊မေခလာ)
၇:၄၅	Sunday Talk(ဦးမျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်) ဒေါက်တာဇော်သန်း)
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	မွန်ရိုးရာဝတ်စားဆင်ယင်မှု
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	ဇေဇေပန်းချီပြပွဲ
၉:၃၀	မိုးလေဝသခန့်မှန်းချက်
၉:၃၅	တေးဂီတအစီအစဉ်
၉:၄၀	ပြည်တွင်းသတင်းအကျဉ်း
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	ချစ်သူများနေ့မှတ်မှတ်ရရ
၁၀:၀၅	ဗွီစီဒီမိတ်ဆက်(ရန်အောင်နှင့် သူ၏ချစ်သူများ)
၁၀:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၀	ကြည်နူးခံစား လက်ဆောင်ထုပ်ပိုးမှုများ
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	မြန်မာ–မလေးရှား ချစ်ကြည်ရေးပိုက်ကျော်ခြင်း ပြိုင်ပွဲ (အမျိုးသား နှစ်ယောက်တွဲ ပွဲစဉ်)
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
၁၁:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၀	အသုံးပြုစရာကာဗွန်ဒိုင် အောက်ဆိုဒ်ဓာတ်ငွေ့
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်

၂၂:၂၅	Liverpool-Arsenal
လိုင်း	5-Sports(Live)

ပြည်ထောင်စုနေ့ တိုင်းရင်းသားယဉ်ကျေးမှု ပဒေသာကပွဲ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၅၉)နှစ် မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားယဉ်ကျေးမှု ပဒေသာကပွဲကို ဖေဖော်ဝါရီ ၁၀ ရက် ည ၇နာရီက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားယဉ်ကျေးမှု ပဒေသာကပွဲကို အစီအစဉ်အတိုင်း ကပြဖျော်ဖြေတင်ဆက်ရာ ကျိုင်းတုံမြို့ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းမှ ရင်သွေးငယ်လေးများ၊တုဆီကျေးရွာယဉ်ကျေးမှုအဖွဲ့၊ 'ဝ' တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့တို့က တေးသရုပ်ဖော် ရိုးရာယဉ်ကျေးမှုအကများဖြင့် တင်ဆက်ကပြသည်။

ထို့နောက် ပဒေသာကပွဲအတွက် အေးရှားဝေါလ်ကုမ္ပဏီ ကျိုင်းတုံရုံးခွဲ စီမံကိန်း ဒါရိုက်တာ ဦးတင်မျိုးလှိုင်က ငွေကျပ် တစ်သိန်းပေးအပ်ရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိန်းက လက်ခံရယူသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ အစိုးရကွန်ပျူတာကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများ၊ ရှမ်းတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့၊ လားဟူတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ အာခါတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့နှင့် ကျိုင်းတုံ ဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများက ရိုးရာယဉ်ကျေးမှုအကများနှင့် သရုပ်ပြဇာတ်တို့ဖြင့် အသီးသီး ကပြဖျော်ဖြေတင်ဆက်ကြရာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ကပွဲများအပြီးတွင် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြူကြူလှက ပဒေသာကပွဲတွင် ပါဝင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ယဉ်ကျေးမှု အကအဖွဲ့များအား အမှတ်တရဂုဏ်ပြု ပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ပြီး တိုင်းရင်းသားယဉ်ကျေးမှု ပဒေသာကပွဲ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

(သတင်းစဉ်)

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ဩဝါဒပါတိမောက် အခါတော်နေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ဩဝါဒပါတိမောက် အခါတော်နေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက မဟာစည်ဓမ္မာရုံတွင်ကျင်းပရာ ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ထို့နောက် အတွင်းရေးမှူး ဦးမောင်မောင်ကြည်က ဩဝါဒပါတိမောက် အခါတော်နေ့ကျင်းပရခြင်းအကြောင်းကို လျှောက်ထားတင်ပြပြီး သံဃာတော်များနှင့် ဟိတေသီအဖွဲ့ဝင် ယောဂီများက ဩဝါဒပါတိမောက် ပါဠိတော်များ၊ အနက်အဓိပ္ပာယ်များ၊ ရှစ်လုံးဘွဲ့ကဗျာများကို ရွတ်ဆိုပူဇော်ကြသည်။

ဂုဏ်ပြုလွှာချီးမြှင့်

ဩဝါဒါစရိယ ဆရာတော် ဦးကဝိဓဇ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)က ဩဝါဒပါတိမောက်တရားတော်ကို ဟောကြားသည်။ ရန်ကုန်မြို့ မြင့်မြတ်ဟိန်းကုမ္ပဏီပိုင်ရှင် ဦးမောင်မောင်တာ ဇနီး ဒေါ်အိအိခိုင်၊ သား မောင်ထူးမင်းမြတ်၊ သမီး မမေမြတ်ပန်းဟိန်း မိသားစုများက သံဃာတော်များနှင့် ယောဂီများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဒေါက်တာတင်ခိုင်မြင့်က အလှူရှင်စာရင်းကို ဖတ်ကြားတင်ပြကာ ဂုဏ်ပြုလွှာချီးမြှင့်သည်။ (က-ပ)

ရှင်သာမဏေဓမ္မဗိမာန် ပဋ္ဌာန်းဒေသနာတော်သင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဗဟန်းမြို့နယ် အာဇာနည်လမ်း (ရွှေတိဂုံစေတီတော် အရှေ့ဘက်) ရှင်သာမဏေ ဓမ္မဗိမာန်တော်ကြီး၌ ဖေဖော်ဝါရီ ၁၈ ရက်(စနေနေ့) မှ စ၍ အပတ်စဉ် စနေနှင့်တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ၁၀ နာရီခွဲအထိ ပဋ္ဌာန်း ဒေသနာတော်သင်တန်းကိုလည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲမှ ၂ နာရီခွဲအထိ ဆဆက္ကသုတ္တန် ဒေသနာတော် သင်တန်းကိုလည်းကောင်း ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ရှင်သာမဏေ ဓမ္မဗိမာန်ရုံးခန်း ဖုန်း-၃၈၇၃၆၁ သို့ ဆက်သွယ် စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရွှေတောင်ကျောင်းတိုက် သိမ်ပန္နက်တင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၂၅၀ကျော် အကုန်အကျခံ တည်ဆောက်မည့် သိမ်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က ယင်းကျောင်းတိုက်၌ကျင်းပသည်။

ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ မြို့နယ်အတွင်းရှိ နာယက ဆရာတော်များ၊ ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် နယ်လှည့်သာသနာပြု ဓမ္မကထိက ဘဒ္ဒန္တဝိမလ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ သိမ်အဆောက်အအုံအသစ် တည်ဆောက်မှု လုပ်ငန်းကော်မတီဝင်များ၊ ကျောင်း ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။ (၃၀၇)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးမှ ရှေ့လုပ်ငန်းစဉ်များ ပြန်လည်ရှင်းလင်းခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၂၀၀၆ ခုနှစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးမှ ရှေ့လုပ်ငန်းစဉ်များ ပြန်လည်ရှင်းလင်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက်ပိုင်းက မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင်တင်လတ် တက်ရောက်၍ ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးမှ ရှေ့လုပ်ငန်းစဉ်များကို ထပ်ဆင့်ရှင်းလင်း မှာကြားသည်။

ထို့နောက် မွန်ပြည်နယ်ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များမှ တာဝန်ရှိသူများက မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကို လုပ်ငန်းအဖွဲ့အလိုက် ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်းများ ဆောင်ရွက်ကြပြီး နာယက ဒေါ်တင်တင်လတ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကို လုပ်ငန်းအဖွဲ့အလိုက် ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးအတွက် ထာဝရဆွမ်းပဒေသာပင်အဖြစ် တိ-နိ ဂုဏ်ထူးဆောင် နာယကကြီး ဦးလှမောင်-ဒေါ်လှစိန် သားသမီးမြေးတစ်စုက ကျပ်တစ်သိန်း၊ ဦးသင်းမောင်-ဒေါ်လှရွှေ မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးခင်မောင်အေး-ဒေါ်ကြည်ကြည်သန်း မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးကျော်အေး (ဒုတိယဝန်ကြီး-ငြိမ်း)-ဒေါ်ခင်မေ မိသားစုနှင့် ဓမ္မမိတ်ဆွေရှစ်ဦးတို့က ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်လေးသိန်းကို လှူဒါန်းရာ အဂ္ဂမဟာသီရိသဒ္ဓမ္မမဏိဇောတဓရ ဦးစောမြင့်က လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၂-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဉပ္ပါတ သန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၇။ အတီးပြိုင်ပွဲ
- ၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၉။ အကပြိုင်ပွဲ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Let's Go.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၄:၅၅ ၅။ "တန်ဖိုး" (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) (ဒါရိုက်တာ-သက်တင်)
- ၄:၅၅ ၆။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
- ၅:၁၀ ၇။ တေးဂီတအစီအစဉ်
- ၅:၂၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"(အပိုင်း-၆၄)**
- ၆:၅၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်လှေကားထစ်လေးများ" (အပိုင်း-၃၉)**
- ၇:၄၀ ၁၃။ ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၇:၅၀ ၁၄။ ကြက်ဆူရိုင်းမှဘိုင်အိုဒီဇယ်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်ဖွယ်နေ့လေးများ" (အပိုင်း-၁၀)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ထူးခြားသည့် ညအပူချိန်များ

၁၃-၂-၂၀၀၆

ဟားခါး
၂ ဒီဂရီစင်တီဂရိတ်

ဟဲဟိုး
၃ ဒီဂရီစင်တီဂရိတ်

နမ့်စန်
၄ ဒီဂရီစင်တီဂရိတ်

သုံးဆယ်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

သုံးဆယ်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် စမ်းချောင်းမြို့နယ် စမ်းချောင်းတောင်ရပ်ကွက် ပြည်လမ်းရှိ မစိုးရိမ်ပရိယတ္တိစာသင်တိုက် ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားထား

၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် (၇၅) နှစ်နှင့်အထက် အဘိုး၊ အဘွားများစာရင်း၊ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သား၊ သမီးများစာရင်း၊ သုံးဆယ်မြို့မှ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များရရှိကြသည့် ပုဂ္ဂိုလ်များစာရင်းကို အမှုဆောင်များက ပေးပို့ကြရန်နှင့် အသင်းဝင်များအပြင် မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်ဖိတ်ကြားထားသည်။ (က-ပ)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင်ကျင်းပမည့် မူးယစ်ဆေးဝါးပပျောက်ရေး အမျိုးသားအဆင့်ညီလာခံသို့ တက်ရောက်ရန်ထွက်ခွာသွားသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးပပျောက်ရေး ညီလာခံတက်ရောက်ရန် ဝန်ကြီးဗိုလ်ချုပ်မောင်ဦး လာအိုနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဖေဖော်ဝါရီ ၁၄ရက်တွင်ကျင်းပမည့် မူးယစ်ဆေးဝါးပပျောက်ရေး အမျိုးသားအဆင့်ညီလာခံသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါညီလာခံသို့ တက်ရောက်ရန် အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မူးယစ်ဗဟိုနှင့်မူးယစ်ဆေးဝါး ပပျောက်ရေးဌာန ဌာနမှူး ရဲမှူးကြီးခမ်းအောင် လိုက်ပါသွားသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၄)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ကျေးလက်နေ တောင်သူဦးကြီးတို့ စိုက်ပျိုးမြေများကို တိုးတက်ဖော်ထုတ်အသုံးချ၍ ထွန်ယက်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း စသည့် စိုက်ပျိုးနည်း ပညာများ အပြည့်အဝ အသုံးချနိုင်ရန်ရည်ရွယ်၍ ဒို့ကျေးရွာဂျာနယ်အတွဲ(၃)၊ အမှတ်(၄)ကို ဖေဖော်ဝါရီ ၁၅ရက်တွင် ထုတ်ဝေဖြန့်ချိမည်ဖြစ်သည်။

ယခုတစ်ပတ်ဂျာနယ်တွင် စိုက်လိုက်မယ်ဗျ ကြက်ဆူရိုင်း၊ စားနပ်ရိက္ခာဖူလုံရေး၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ နို့ထွက်ပစ္စည်းနှင့် အသားသုံးစွဲမှု၊ ရာသီစပါးစိုက်ပျိုးရေး၊ စီးပွားဖြစ်စိုက်ပျိုးရမည့် ကွဲကော၊ ဇီဝဒီဇယ်ဆီ စမ်းသပ်စိုက်ပျိုးထုတ်လုပ်မှု၊ ဘဝရဲ့ဆန္ဒ၊ လက်ပံပွင့်ချိန်၊ အသားစားနွား (နွားနောက်)၊ ကျွန်တော်နှင့် စာကြည့်တိုက်၊ အားဖြစ်စေသည့် ဂေါ်ရခါးသီး စသည့် ဆောင်းပါး၊ ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကို ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ်(၃၀-၃၂) (၁၀)လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၃၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

(သတင်းစဉ်)

တာမွေမြို့နယ်၊ အမှတ်(၃) မူလတန်းကျောင်း အသစ်ပြန်လည်ဆောက်လုပ်ရန်အတွက် ဗိုလ်ကြီးခင်မောင်အေး(ငြိမ်း)- ဆရာမဒေါ်ခင်ရွှေတို့၏ (၂၈)နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်အဖြစ် ငွေကျပ်တစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မအေးထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် သင်တန်းဆင်းပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၃၈/၃၉) သင်တန်းဆင်းပွဲအခမ်းအနားနှင့် မြို့နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူ အသင်းဝင်လူငယ်ထုများ၏ အဆိုပြုလွှာပေးအပ်ပွဲကို ယနေ့နံနက် ၈နာရီ ၁၅မိနစ်တွင် အသင်းခန်းမ၌ကျင်းပရာ အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ သင်တန်းသား၊ သင်တန်းသူများ၊ အသင်းဝင် လူငယ်ထုများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားပြီး အသင်းဝင် အဆိုပြုလွှာ ၄၄၀၀ စောင်ကို လက်ခံရယူသည်။

ဆက်လက်၍ သင်တန်းထူးချွန်ဆုများ ပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။ ထို့နောက် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက မြို့နယ်အတွင်းရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် နှင့် ပညာရေးကောလိပ်သို့ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆွေးနွေး

အခမ်းအနားအပြီးတွင် ဗဟိုအတွင်းရေးမှူးသည် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်မှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ဆရာမကြီး၊တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ အသင်းဝင်လူငယ်ထုများနှင့် တွေ့ဆုံ၍ စည်းရုံးရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၃၈/၃၉) သင်တန်းဆင်းပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အမှာစကားပြောကြားစဉ်။

(၅၀၆)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖေဖော်ဝါရီ ၁၃ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် အာဆီယံ ပဋိညာဉ်စာတမ်း ရေးဆွဲရေးဆိုင်ရာ ထင်ပေါ်ကျော်ကြားသည့် ပုဂ္ဂိုလ်များအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးသို့တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်အား ရှေ့နေချုပ်ဦးအေးမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးညွန့်ဆွေ၊ ဦးလှမြင့်ဦး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းသိမ်းနှင့် ဌာနစုမှူး(၁) ဦးအောင်ကျော်မိုးတို့ လိုက်ပါသွားသည်။ (သတင်းစဉ်)

မြန်မာ့အသံ နှစ်(၆၀)ပြည့်အထိမ်းအမှတ် ဆွေးနွေးခန်းများ ထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာ့အသံနှစ်ပတ်လည် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အဖြစ် မြန်မာ့အသံ ရေဒီယို အင်္ဂလိပ်ပိုင်း အစီအစဉ်မှ ဝန်ထမ်းများနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုသင်းကလေး၊ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ဦးညွန့်ဝင်း၊ ထပ်ဆင့်အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်တို့ တွေ့ဆုံဆွေးနွေးခန်းကို ဖေဖော်ဝါရီ ၁၄ ရက်(အင်္ဂါနေ့)ည ၉နာရီတွင် မြန်မာ့အသံ ရေဒီယိုအင်္ဂလိပ်ပိုင်း အစီအစဉ်မှ လည်းကောင်း၊ ဆရာကြီးဒေါက်တာခင်မောင်ညွန့်နှင့် တွေ့ဆုံဆွေးနွေး ခန်းကို ဖေဖော်ဝါရီ ၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် မြန်မာ့အသံ ရေဒီယိုအင်္ဂလိပ်ပိုင်း အစီအစဉ်မှ လည်းကောင်း ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ စိန္တာမုနိစေတီတော်ကြီးကို ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ အင်းစိန်က ကြီးမှူး၍ လုံးတော်ပြည့် ရွှေဆေးသက်န်းကပ်လှူခြင်း၊ အရံစေတီတော်များ၊ နတ်လှေကားထီးတော်များ၊ မဟာရံတံတိုင်းထီးတော်များ အသစ်တင်လှူခြင်း၊ ဂြိုဟ်တိုင် ၁၂ခု ဆောက်လုပ်လှူဒါန်းခြင်း၊ အဝီစိရေတွင်း၊ ရေစုပ်စက်၊ မီးစက်လှူဒါန်းခြင်း၊ နေ့စဉ်ဆွမ်းချက် ဆောင်လှူဒါန်းခြင်း၊ ဝါဆိုသံဃာ ၃၁၅ပါးကို ဆွမ်းဆန်စိမ်း၊ ဆွမ်း၊ ဆွမ်းဟင်း၊ သက်န်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခြင်း၊ ကျပ်သိန်း ၁၀၀ဖိုးမျှ ဘက်စုံလှူဒါန်းခဲ့ပြီး ဖြစ်သည်။

ဆက်လက်၍ စေတီတော်ရင်ပြင်တွင် ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ အင်းစိန်က ကြီးမှူး၍ ပထမအကြိမ် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၁ရက်မှ ၂၆ရက်အထိ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ (စဥ့်ကူဆရာတော်) ဖုန်း ၀၂-၆၇၃၇၄၊ ဦးစိုးဝင်း ဖုန်း-၆၄၀၄၈၇၊ ဦးဘိုကြည် ဥက္ကဋ္ဌ၊ ဆီမီး ၉၉၀၀အဖွဲ့၊ စုပေါင်းရုံးဝင်း၊ အင်းစိန်၊ ဦးစိုင်းဘုန်းထူး - ဒေါ်ဖြူဖြူညွန့် (စိုင်းဘုန်းထူးဗွီဒီယို၊ ဓာတ်ပုံစတူဒီယို) ဖုန်း-၂၉၂၆၄၄နှင့် ဒေါ်ဝင်းကြည် ချောက်မြို့ ဖုန်း ၀၆၁-၂၁၆၈၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၆၁)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အကောက်ခွန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြတ်ကျော်သည် ကစားဖော်များဖြစ်ကြသော ဦးလှမိုး၊ ဗိုလ်ကြီးအောင်သက်မြင့်၊ ဦးဖြိုးဝေထက်တို့နှင့်အတူ ဖေဖော်ဝါရီ ၁၂ရက် ညနေပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြကန်သာဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် ၁၇၄ ကိုက်အကွာအဝေး ရှိသော ကျင်းအမှတ် (၈)တွင် Precept 33 ဘောလုံးကို Maruman Iron No.6 သံတုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၄၉လမ်းနေ ကွယ်လွန်သူဖခင် ဦးနှင်း- မိခင်ဒေါ်ကျင်မြ၊ အစ်ကို ဦးစောလှဦး၊အစ်မ ဒေါ်ရင်စိန်တို့အတွက် ဦးအောင်ညွန့်၊ ဒေါ်သန်းသန်းနုတို့၏ အထွေထွေငွေပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် မုဒုံမြို့မြိုင်ကုန်း ကော့လုကျေးရွာ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက်က ကျင်းပရာ လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်းက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်ထံ ပေးအပ်စဉ်။ (မြို့နယ်စည်ပင်)

ဂရင်း၈ျိုင်ရယ် ဂေါက်သီးရိုက်ပြိုင်ပွဲ မြစ်ကြီးနားဂေါက်ကလပ်တွင် ကျင်းပမည်

GRAND ROYAL
SPECIAL RESERVE
Golf Championship

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော Grand Royal Special Reserve Golf Champion ၂၀၀၆ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြစ်ကြီးနား ဂေါက်ကလပ်၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် Amateur ဂေါက်သီးရိုက် အားကစားသမားများသည် ဖေဖော်ဝါရီ ၁၇ ရက် နောက်ဆုံးထား၍ မြစ်ကြီးနားဂေါက်ကလပ်သို့ အမည်စာရင်းပေးသွင်းနိုင်သည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ IBTC ဖြစ်ပြီး Cosponsors များအဖြစ် Air Mandalay၊ Crusher Cuub Soda၊ Srixonနှင့် Grand Plaza Parkroyal Hotel တို့က အသီးသီး ပါဝင်ကူညီကြမည်ဖြစ်ကာ မြစ်ကြီးနား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက် အောင်မြင်ရေးအတွက် Organized By Hanevent Management က တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော အမှတ်(၂)ရပ်ကွက် ၃–ဖြတ်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် အလှူရှင်ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ထွေ/အုပ်)

မြို့ရွာတစ်ခွင်
သာစေချင်
မီးတွင်
မပေါ့နှင့်

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပရေးညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း (YM BA) နှစ်(၁၀၀)ပြည့် ပွဲတော်ကျင်းပရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတို့ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ်(၇၇) ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတိုက် အဆောက်အအုံ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့မှပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် လူငယ်တာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌ ဦးဗိုလ်နီက ရာပြည့်ပွဲတော်ကျင်းပရေးနှင့် ပတ်သက်၍ တင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပရေးအတွက် အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အထွေထွေအတွင်းရေးမှူး ဦးစိန်သန်းက ရာပြည့်ပွဲတော် လုပ်ငန်းစီမံချက်(၁၂)ချက်နှင့် နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပရေး အစီအစဉ်များ တင်ပြသည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ ဗဟိုအတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်များနှင့် တက်ရောက်လာကြသူများက နှစ်(၁၀၀)ပြည့်ပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အလှူရှင်များဖြစ်သော ဦးငွေဦး–ဒေါ်နီနီဝင်း မိသားစုက အလှူငွေများကို ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌ ဦးဗိုလ်နီထံသို့ လှူဒါန်းသည်။ ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ–ဂျပန် ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ ဂျပန်အမျိုးသမီးအသင်းက သုံးပွဲပြတ် အနိုင်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာ–ဂျပန် အမျိုးသမီးချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်ကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဒုတိယနေ့အဖြစ်မြန်မာ–ဂျပန် အမျိုးသမီးချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲတွင် ဂျပန်အမျိုးသမီးအသင်းက မြန်မာအမျိုးသမီးအသင်းကို ၂၅–၁၀ မှတ်၊ ၂၅–၁၄ မှတ်၊ ၂၅–၁၅ မှတ်ဖြင့် သုံးပွဲပြတ် အနိုင်ရရှိသည်။

တတိယနေ့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၄ရက် ညနေ ၃နာရီတွင် အဆိုပါပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

အာရှပတ်လည် မြားပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာမြားပစ်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၈ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် ပထမအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် အုပ်ချုပ်သူ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ) ခေါင်းဆောင်သော အဖွဲ့ဝင် ၂၀ ပါဝင်သည့် မြန်မာမြားပစ်အားကစားအဖွဲ့သည် ယနေ့ နံနက် ၇ နာရီ မိနစ် ၂၀ က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ(ဥက္ကဋ္ဌ၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်)နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

မြန်မာမြားပစ် အားကစားအဖွဲ့တွင် အမျိုးသမီး လက်ထောက်အုပ်ချုပ်သူအဖြစ် ဒေါ်ထွေးထွေးဝင်း၊ နည်းပြဆရာများအဖြစ် ဒေါ်မြတ်သူဇာမြင့်နှင့် ဒေါ်သီသီဝင်း၊ အဖွဲ့အတွင်းရေးမှူးအဖြစ် ဦးသန်းကြိုင်၊ ပြိုင်ပွဲစီစဉ်ကြီးကြပ်ရန် ဖိတ်ကြားခြင်းခံရသည့် ဒေါက်တာမြတ်သူရစိုး၊ အားကစားသမားများအဖြစ် Recurve အမျိုးသား ဇော်ဝင်းထိုက်၊ ကျော်ချမ်းငြိမ်း၊ အောင်ဇော်နိုင်၊ မျိုးကိုကို၊ အမျိုးသမီး နန်းမိုဟွမ်၊ အောင်ငြိမ်း၊ စန်းယုထွေး၊ Compourdအမျိုးသား ရဲမင်းဆွေ၊ လင်းနိုင်၊ မျိုးအောင်ဆန်း၊ ချမ်းအေးအောင်၊ အမျိုးသမီး ကေသီ၊ တင်ဇင်အိနှင့် ယုနန္ဒာထိုက်တို့ ပါဝင်ကြသည်။ (ကြေးမုံ)

အကြိတ်အနယ် ယှဉ်ပြိုင်

၂၀၀၆ခုနှစ် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ရက်က သုဝဏ္ဏ စက်ဘီး လေ့ကျင့်ကွင်းတွင် ကျင်းပရာ အမျိုးသားမီတာ ၄၈၀၀ အုပ်စုတစ်ဦးချင်း ဗိုလ်လုပွဲ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။

(ကြေးမုံ)

သာကေတမြို့နယ် ဝေဇယန္တာအနောက်(၁၃)လမ်း ၆–ရပ်ကွက်နေ ဒေါ်ပန်းငွေက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့–အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။ (က–ပ)

ဒဿနိကဗေဒ ကျောင်းသူ၊ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဒဿနိကဗေဒ ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌လည်းကောင်း၊ မိတ်ဆုံစားပွဲကို ညနေ ၆နာရီတွင် စင်ထရယ်ဟိုတယ်၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ကျောင်းသူ၊ ကျောင်းသားဟောင်းများ (လုပ်သားများကောလိပ် ညနေပိုင်းသင်တန်း၊ အဝေးသင်တက္ကသိုလ်များ အပါအဝင်) တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဒဿနိကဗေဒဌာန ရန်ကုန်တက္ကသိုလ် ဖုန်း–၅၃၅၇၂၉၊ ပါမောက္ခ ဒေါ်မာမာစန်း (ဌာနမှူး၊ ရန်ကုန်အဝေးသင်တက္ကသိုလ်) ဖုန်း–၀၉–၅၀၀၃၉၃၅၊ ပါမောက္ခ ဒေါ်တင်တင်ယဉ်(ဌာနမှူး၊ နိုင်ငံခြားဘာသာတက္ကသိုလ်) ဖုန်း–၅၁၄၃၇၁ လိုင်းခွဲ–၁၁၈၊ ဦးဇော်မြင့်ဦး ဖုန်း–၀၉–၅၁၃၃၈၉၈၊ ဦးမြင့်ဆွေ ဖုန်း–၀၉–၅၁၁၁၄၁၀၊ ဦးကြည်ဝင်း ဖုန်း–၅၂၅၆၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

လူငယ်များအား လေ့ကျင့်ပျိုးထောင်မှုကြောင့် အမျိုးသားရေးစွမ်းရည်မြင့်မား အရည်အချင်းပြည့်ဝသည့် နိုင်ငံသားကောင်းများသာ နိုင်ငံတော်ကိုတည်ဆောက်နိုင်

အခြေခံသတင်းစာပညာသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန်　　ဖေဖော်ဝါရီ　　၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ အတွင်းရေးမှူး ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးသိန်းစိန်၊ ဦးအောင်မင်း၊ ဦးအုန်းမြင့်၊ သူရဦးမြင့်မောင်၊ ဦးအောင်သိန်းလင်း၊ ဦးဉာဏ်ထွန်းအောင်နှင့် ဦးမောင်ပါ၊ ဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် မျိုးဆက်သစ်လူငယ်များအား လေ့ကျင့်ပျိုးထောင်မှုများကြောင့် အမျိုးသားရေးစွမ်းရည် တိုးတက်မြင့်မားပြီး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာ သင်တန်းအမှတ်စဉ်(၄) ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု

☆ *ယနေ့ကာလ၌ နိုင်ငံတော်က တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ပေးလျက်ရှိရာ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့အနေဖြင့် မကြုံစဖူး ထူးထူးကဲကဲ စည်းလုံးညီညွတ်မှုရရှိနေသည့် အချိန်အခါလည်း ဖြစ်သည်။*

မောင်ချစ်ကြည်၏ **"အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံးက အတူတကွ လက်တွဲစောင့်ထိန်းကာကွယ်သွားကြပါစို့"**

(ဆောင်းပါး၊ စာမျက်နှာ—၈၊၉)

☆ မြင်းမူမောင်နိုင်မိုး၏ **"ဒို့ပြည်ထောင်စု မြန်မာပြည်"**

(ကဗျာ၊ စာမျက်နှာ—၉)

☆ **တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ရှမ်းပြည်နယ်**

(သတင်းဆောင်းပါး၊ စာမျက်နှာ—၉)

အမှတ်(၁) စက်မှုဝန်ကြီး ဦးအောင်သောင်း စက်ရုံများ စစ်ဆေး ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ရေး ဆွေးနွေးမှာကြား

ရန်ကုန်　　ဖေဖော်ဝါရီ　　၁၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြန်မာ့အထည်အလိပ်လုပ်ငန်း အင်းစိန်စောင်စက်ရုံ အမှတ်(၂၀)ရှိ စွပ်ကျယ်စက်ရုံခွဲသို့ ရောက်ရှိပြီး စွပ်ကျယ်ရက်လုပ်မှုများကိုလည်းကောင်း၊ ထုတ်လုပ်ပြီး စွပ်ကျယ်ဖျင်စများကို အရွယ်အစားအလိုက် ဖြတ်စက်ဖြင့် ဖြတ်တောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ချုပ်ပြီး စွပ်ကျယ်များကို လည်းကောင်း ကြည့်ရှု စစ်ဆေးပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် စောင်စက်ရုံသို့ ရောက်ရှိပြီး ရက်ဖောက်စက်များဖြင့် ရက်ဖောက်ခြင်း

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြန်မာ့ အထည်အလိပ်လုပ်ငန်း အင်းစိန် စောင်စက်ရုံ အမှတ်(၂၀) ရှိ စွပ်ကျယ်စက်ရုံခွဲမှ စွပ်ကျယ် ထုတ်လုပ်မှု လုပ်ငန်းများ စစ်ဆေးစဉ်။ (စက်မှု—၁)